နိုင်ငံတကာ မြန်မာသတင်းအဖွဲ့(ဘီအဲန်အိုင်)
မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့

# နိုင်ငံတကာအလှူရှင်အစိုးရများအတွက် ပုစ္ဆာ
သို့မဟုတ်
# လူသားစာနာကူညီရေးအကျပ်အတည်းအား အဖြေရှာကြည့်ခြင်း



ဇူလိုင် ၂၀၂၃

# မာတိကာ


သုတေသနနည်းနာနှင့် လုပ်ငန်းစဉ် . . . . . . . . . . ၂

စာတမ်းရည်ရွယ်ရာ သို့မဟုတ် နိဒါန်း . . . . . . . . . . ၃

မြန်မာနိုင်ငံအတွင်း လူသားစာနာအကူအညီများ၏ လာရာနှင့် လားရာ . . . . . . . . . . ၇

လူသားစာနာအကူအညီများ၏ လွှမ်းခြုံနိုင်မှုအခြေအနေများ . . . . . . . . . . ၉

လူသားစာနာ အကူအညီအလိုအပ်ဆုံးနှင့် အခက်အခဲဆုံးဒေသ . . . . . . . . . . ၁၄

ကရင်ဒေသတွင်း စစ်ဘေးသင့်ပြည်သူများ၏ ရင်ဖွင့်သံ . . . . . . . . . . ၁၈

ပြည်သူလူထုထံ အမှန်တကယ်ရောက်ရှိနိုင်ရေး နည်းလမ်းများ . . . . . . . . . . ၂၁

- နည်းလမ်း ၁ . . . . . . . . . . ၂၃
- နည်းလမ်း ၂ . . . . . . . . . . ၂၄
- နည်းလမ်း ၃ . . . . . . . . . . ၂၈

Cross-Border assistance အတွက် ချဉ်းကပ်ရမည့် အိမ်နီးချင်း . . . . . . . . . . ၂၉

ခြုံငုံသုံးသပ်ချက် . . . . . . . . . . ၃၃

အတိုကောက်စာလုံးများ . . . . . . . . . . ၃၈

အကိုးအကား . . . . . . . . . . ၃၉

## သုတေသနနည်းနာနှင့် လုပ်ငန်းစဉ်

ယခုသုတေသနစာတမ်းသည် မြန်မာနိုင်ငံအတွင်းရှိ အကူအညီလိုအပ်နေသည့် သန်းနှင့်ချီသော မြန်မာပြည်သူလူထုထံသို့ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အမှန်တကယ်ရောက်ရှိနိုင်ရေးအတွက် ချဉ်းကပ်အဖြေရှာထားသည့် စာတမ်းဖြစ်သည်။ စာတမ်းအတွက် ချဉ်းကပ်ရာတွင်တော့ မိမိတို့ BNI - Myanmar Peace Monitor ၏ Dataset မှ တိုက်ပွဲဆိုင်ရာအချက်အလက်များ၊ တိုက်ပွဲကြောင့်ဖြစ်ပေါ်လာသော နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ကြရသည့် စစ်ဘေးရှောင်ဆိုင်ရာ ကိန်းဂဏန်းများနှင့် တရားဝင်ထုတ်ပြန်လာသော နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို ကိုးကားတင်ပြထားပါသည်။

ထို့အပြင် စာတမ်းအတွက် လိုအပ်သောသုတေသနဆိုင်ရာမေးခွန်းများကို BNI - Myanmar Peace Monitor Team ဆွေးနွေးရှာဖွေခဲ့ပြီး သက်ဆိုင်ရာနယ်ပယ်အလိုက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ဦးဆောင်လုပ်ကိုင်နေသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား ရွေးချယ်စိစစ်ကာ ချဉ်းကပ်မေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။ သို့သော် စာတမ်းဖြစ်မြောက်ရေးအတွက် ရရှိထားသည့် အချိန်အကန့်အသတ်အတွင်း ရွေးချယ်ထားသည့် လူပုဂ္ဂိုလ်များအားလုံးကို ချိတ်ဆက်မေးမြန်းနိုင်ခဲ့ခြင်းမရှိသဖြင့် တချို့သောဒေသအခြေပြု အဖွဲ့အစည်းများမှ လူသားစာနာကူညီရေးတာဝန်ခံများ၊ တချို့သော ERO ခေါင်းဆောင်များ၏ အမြင်သဘောထားများကို မေးမြန်းယူနိုင်ခဲ့ခြင်းမရှိကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

စာတမ်း၏ ထူးခြားချက်အဖြစ် ငြိမ်းချမ်းရေးမြို့တော်ဟု တင်စားခဲ့ကြသော ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းမှ လေးကေ့ကော်မြို့သစ်နှင့် ဆက်စပ်ဒေသများအတွင်း စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခြင်းကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော စစ်ဘေးရှောင်ပြည်သူတချို့အား သွားရောက်တွေ့ဆုံကာ ၎င်းတို့၏မျှော်လင့်ချက်များ၊ ရင်ဖွင့်သံများနှင့် ကိုယ်တိုင်ကြုံတွေ့ဖြတ်သန်းခဲ့ရသည့်အခြေအနေများကို ယခုစာတမ်းတွင် စုစည်းဖော်ပြထားပါသည်။

## စာတမ်းရည်ရွယ်ရာ သို့မဟုတ် နိဒါန်း

နိုင်ငံတကာအစိုးရများမှ ထည့်ဝင်လှူဒါန်းနေသော မြန်မာပြည်သူလူထုအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား စီမံခန့်ခွဲလျက်ရှိသော အာဆီယံအပါအဝင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ ပြုမူဆောင်ရွက်ချက်များ၊ ချဉ်းကပ်လုပ်ဆောင်မှုများအပေါ် ပြန်လည်သုံးသပ်နိုင်ရန် ယခုစာတမ်းက ကြိုးပမ်းအားထုတ်ထားပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစပြီး စစ်အာဏာသိမ်းမှုဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာပြည်သူလူထုအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ရောက်ရှိနိုင်ရေး စီမံဆောင်ရွက်ရာတွင် အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းလုပ်ဆောင်သည့် နည်းလမ်းသည် မည်မျှထိရောက်ခဲ့သလဲဟု မေးခွန်းထုတ်ဖို့ လိုအပ်နေပြီဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စု၏ ခွင့်ပြုချက် တစုံတရာမရဘဲ မည်သည့်အကူအညီကိုမျှ ပြည်သူတစ်ဦးတစ်ယောက်ထံ ထောက်ပံ့နိုင်ခြင်းမရှိသည့် ခက်ခဲကျပ်တည်းမှုအခြေအနေများကို ရှောင်လွှဲလုပ်ဆောင်နိုင်မည့်နည်းလမ်းများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး ရှာဖွေကြံဆသင့်ပြီ ဖြစ်ပါသည်။

စစ်အာဏာသိမ်းရန် ကြိုးပမ်းနေသည့် ၂ နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံတွင် တိုက်ပွဲများနှင့် မလုံခြုံမှုအခြေအနေများကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် အရပ်သားပြည်သူပေါင်း တစ်သန်းခွဲရှိနေပြီး မူလရှိနှင့်ပြီးသား စစ်ဘေးရှောင်အရေအတွက်ကိုပါ ထည့်ပေါင်းပါက မြန်မာတစ်နိုင်ငံလုံးတွင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော အရပ်သားပြည်သူပေါင်း ၁ ဒသမ ၈ သန်းရှိနေကြောင်း ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှုရုံး (UNOCHA)က ၂၀၂၃ ခုနှစ် မေလ ၆ ရက်တွင် အစီရင်ခံထားသည်။

"လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာ အတားအစီးများကြောင့် ဆက်လက်ရပ်တန့်နေဆဲဖြစ်တယ်" ဟု အဆိုပါ အစီရင်ခံစာက ဆိုပါသည်။ [1]

1 Myanmar Humanitarian Update No. 29, 6 May 2023 http://rb.gy/03g7d

၂၀၂၃ ခုနှစ် မေလ ၉ ရက်၊ BNI – Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်အာဏာသိမ်းကာလအတွင်း မြန်မာတစ်နိုင်ငံလုံးတွင် တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၂၇၇၀ အထိရှိခဲ့ပြီး အကြိမ်ရေအားဖြင့်မူ ဖော်ပြပါကိန်းဂဏန်းထက် ပိုမိုများပြားနိုင်ပါသည်။ ထိုအနက် တိုက်ပွဲဖြစ်ပွားမှုများ၏ ၉၈ ရာခိုင်နှုန်းကျော်သည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များ၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF-LDF) နှင့် အာဏာသိမ်းကောင်စီတပ်အကြား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို ၉၈ ရာခိုင်နှုန်းအတွင်း PDF-LDF များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် ၆၈ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး စစ်အာဏာသိမ်းကာလအတွင်း ပြည်သူလူထု၏ ခုခံတော်လှန်စစ်အရှိန်အဟုန်ကို ပိုမိုထင်ရှားစေခဲ့ပါသည်။[2]

စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် ပြည်တွင်းစစ်အပြန့်ကျယ်လာမှုနှင့်အတူ စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော စစ်ဘေးသင့်ပြည်သူပေါင်း သန်းနှင့်ချီ ဖြစ်ပေါ်လာခဲ့ရသည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ရုံပုံငွေဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေနှင့် လက်ခံရယူနိုင်မှုဆိုင်ရာ စိန်ခေါ်မှုများအပေါ်အခြေခံပြီး ဖြစ်နိုင်ခြေရှိသော တုန့်ပြန်မှုအစီအစဉ်ကမူ ၂၀၂၃ ခုနှစ်အတွင်း မြန်မာပြည်သူ ၄ သန်းခွဲကိုသာ ပစ်မှတ်ထားကူညီနိုင်ရေး လျာထားခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်းကထက် မြန်မာပြည်သူပေါင်း နှစ်သန်းနီးပါးကို ထောက်ပံ့ကူညီရေးလျာထားချက်မှ လျော့ချပစ်ခဲ့ပါသည်။[3] နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် မြန်မာအာဏာသိမ်းစစ်အုပ်စုနှင့်သာ နားလည်မှုစာချွန်လွှာများရေးထိုးခြင်း၊ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ရရှိလာသော အကျိုးဆက်အဖြစ် မြန်မာပြည်သူလူထုကသာ နစ်နာခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

အာဏာသိမ်းစစ်အုပ်စု၏ ကန့်သတ်ဟန့်တားမှုများ၊ ဒေသတွင်းလုံခြုံရေး အခြေအနေများကြောင့် အခက်အခဲများ၊ စိန်ခေါ်မှုများ ကြီးမားသည်ဟု ဆိုနိုင်သော်လည်း နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အမှန်တကယ် အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထံသို့ နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများရောက်ရှိနိုင်ရေးအတွက် နည်းလမ်းသစ်များ ရှာဖွေချဉ်းကပ်ရန် ပျက်ကွက်ခဲ့သည်ကို တွေ့ရသည်။

ယခုအခါ နိုင်ငံတဝှမ်း အမှန်တကယ်အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုအတွက် "ပြည်သူမှပြည်သူ" ဆိုသည့် ပြည်သူအချင်းချင်း ထည့်ဝင်လှူဒါန်းမှုကိုသာ အားကိုးအားပြုနေရပြီး အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များနှင့် နွေဦးတော်လှန်ရေးအင်အားစုများအချင်းချင်း ဒေသအလိုက်ဖြန့်ကျက်ချိတ်ဆက်ကာ ကူညီထောက်ပံ့ပေးလျက်ရှိသည်။ NUG လက်အောက်ခံ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန (MOHADM) ၏ စာရင်းအရ ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်မှ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်အတွင်း အလှူငွေကျပ် ၆ ဒသမ ၆ ဘီလီယံ (ကျပ်သန်းပေါင်း ၆၆၀၁)ကို

2 Myanmar Armed Conflict Dashboard. 9 May 2023 http://rb.gy/b4l79

3 Myanmar's neglected crisis demands a different response http://rb.gy/8jbeb

လက်ခံရရှိခဲ့ပြီး လစဉ်လူဦးရေ ၂ သိန်းအထက်ကို အရေးပေါ် အကူအညီများ ပေးလျက်ရှိသည်ဟု ဆိုပါသည်။

"ရံပုံငွေက ပြည်သူကနေ ပြည်သူ အလှူပဲရတယ်။ ၉၀ ရာခိုင်နှုန်းကျော်က ပြည်တွင်း၊ ပြည်ပက ပြည်သူတွေလှူတဲ့ အလှူငွေကနေပဲ သွားနေတယ်။ အထူးသဖြင့် နိုင်ငံတကာရောက် ပြည်သူတွေက ကူညီတာ များပါတယ်" ဟု MOHADM ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောပါသည်။[4]

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့လုယူထားသော အုပ်ချုပ်မှုအာဏာတည်မြဲရေးအတွက် ၎င်းတို့နယ်မြေ မစိုးမိုးနိုင်တော့သည့် မြို့နယ်များအတွင်း ကျေးရွာအလိုက် မီးရှို့ဖျက်ဆီးမှုများကြောင့် နိုင်ငံတဝှမ်းလုံးတွင် မီးလောင်ပြာကျခဲ့ရသည့် အရပ်သားပြည်သူပိုင်နေအိမ်ပေါင်း ၆၀၄၅၉ လုံး ရှိခဲ့ပြီဖြစ်သည်။ [5] ထို့အပြင် အာဏာသိမ်းစစ်အုပ်စုသည် ဘာသာရေးအဆောက်အဦး၊ စာသင်ကျောင်းနှင့် စစ်ဘေးရှောင်စခန်းကအစ မြို့ရွာရပ်ကွက်အလိုက် အရပ်သားပြည်သူများကို ဦးတည်ပစ်မှတ်ထားကာ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို နေ့စဉ်ရက်ဆက် ကျူးလွန်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် မေလ ၉ ရက်အထိ စစ်အာဏာသိမ်းကာလတလျှောက် အာဏာသိမ်းစစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုရက်ပေါင်း ၄၀၄ ရက်ရှိခဲ့ပြီး အကြိမ်ရေအားဖြင့်မူ ထောင်နှင့်ချီရှိနိုင်ပါသည်။ လေကြောင်းတိုက်ခိုက်မှုများ၏ အများစုသည် အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ကို တွေ့ရသည်။[6]

ဆိုရသော် အာဏာသိမ်းစစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့် ပြည်တွင်းစစ်အရှိန်ကြောင့် အိုးအိမ်ပျက်စီးဆုံးရှုံးသူနှင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်အရေအတွက်သည် နေ့စဉ်နှင့်အမျှ တိုးပွားများပြားလာလျက်ရှိရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်ချက်သည်လည်း ပိုမိုကြီးမားလာနေသည်ဟု ဆိုရပါမည်။ နိုင်ငံတကာအစိုးရများမှ ထည့်ဝင်လှူဒါန်းကြသော မြန်မာပြည်သူလူထုအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများသည် အာဏာသိမ်းစစ်ကောင်စီ၏ ကန့်သတ်ဟန့်တားမှုများကြောင့် အမှန်တကယ်အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုနှင့် အလှမ်းကွာဝေးလျက်ရှိသည်။

ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန (MOHADM)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ချင်းအမျိုးသားတပ်ဦး(CNF) တို့ ပူးပေါင်းကာ အာဆီယံနှင့် ကုလသမဂ္ဂမှ မြန်မာနိုင်ငံအားပံ့ပိုးမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အဆိုပြုချက်နှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ် မေလ ၃၀ ရက်တွင် သဘောထားထုတ်ပြန်ခဲ့သည်။

---

4 လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန(MOHADM) ပြည်ထောင်စုဝန်ကြီးနှင့် အမေးအဖြေ (BNI-MPM)

5 Data for Myanmar ၊ ၂၈ ဖေဖော်ဝါရီ ၂၀၂၃ http://rb.gy/bu5f2

6 Military Regime's Airstrikes in Myanmar, ၉ မေ ၂၀၂၃ http://rb.gy/2ylau

ဘေးဒုက္ခများ သက်သာလျော့ပါးစေရေး အရေးပေါ် အကူအညီများ ပေးအပ်နိုင်ရေးအတွက် အများပြည်သူ ယုံကြည်လက်ခံသော ဒေသအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ (CSO/CBO)နှင့် NGOs များအား ထောက်ပံ့မှုတိုးမြှင့်ပေးရန်၊ ရပ်ရွာစွန့်ခွာထွက်ပြေးနေရသည့် ပြည်သူများအတွက် ရေရှည်လုပ်ငန်းစဉ်အနေဖြင့် တိုင်းရင်းသားနယ်မြေများနှင့် လွတ်မြောက်နယ်မြေများအတွင်း လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်နေကြသော အများယုံကြည်လက်ခံသည့် ဒေသအခြေပြုနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ပံ့ပိုးပေးခြင်းနှင့် နယ်စပ်ဖြတ်ကျော်လုပ်ဆောင်ရန်အတွက် ကင်းလွတ်ခွင့်ရရှိအောင် လုပ်ဆောင်ပေးခြင်း သို့မဟုတ် အကျိုးဆောင်ပေးပံ့ပိုးမှုများ ပေးအပ်ရန် အဆိုပါပူးတွဲထုတ်ပြန်ချက်က တောင်းဆိုထားသည်။

အာဆီယံ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအလှူရှင်အစိုးရများအနေဖြင့် မြန်မာပြည်သူလူထုအတွက် ရည်ရွယ်လှူဒါန်းထားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၏ လာရာနှင့် လားရာကို ပြန်လည်သုံးသပ်ရန် အချိန်တန်ပြီဖြစ်သည်။ မြန်မာအာဏာသိမ်းစစ်ကောင်စီ၏ တရားဝင်မှုကို ပြန်လည်ဆန်းစစ်ကာ လွတ်လပ်ပြီး အမှီအခိုကင်းစွာဖြင့် ပြည်သူလူထုထံ လူသားစာနာအကူအညီများ ရောက်ရှိနိုင်ရေးနည်းလမ်းများကို ရှာဖွေသင့်ပြီ ဖြစ်သည်။

ယခုသုတေသနစာတမ်းတွင် နိုင်ငံတကာအစိုးရများမှ ထည့်ဝင်လှူဒါန်းသော နိုင်ငံတကာလူသားချင်းစာနာထောက်မှုဆိုင်ရာအကူအညီများအား စီမံခန့်ခွဲလျက်ရှိသော အာဆီယံအပါအဝင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ ချဉ်းကပ်လုပ်ဆောင်ချက်များ အလုပ်ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ် လေ့လာတင်ပြထားသကဲ့သို့ အမှန်တကယ်အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုထံရောက်ရှိစေရန် ပို့ဆောင်နိုင်မည့် နည်းလမ်းများကိုလည်း ချဉ်းကပ်အဖြေရှာထားပါသည်။ ထို့အပြင် ပြည်တွင်းစစ်အရှိန်မြင့်တက်နေသည့် မြန်မာနိုင်ငံအတွက် အကူအညီအလိုအပ်ဆုံးဒေသများ၊ "ပြည်သူက ပြည်သူ" အချင်းချင်း မျှဝေပံ့ပိုးနိုင်မှုအခြေအနေများ၏ အခက်အခဲနှင့် စိန်ခေါ်မှုများ၊ အာဏာသိမ်းစစ်အုပ်စု၏ ပစ်မှတ်ထားတိုက်ခိုက်မှုများအား ရှောင်လွှဲနိုင်မည့်အစီအမံများ စသည့် သုတေသနဆိုင်ရာ မေးခွန်းများကို အနီးစပ်ဆုံးအဖြေထုတ်ထားပါသည်။

## မြန်မာနိုင်ငံအတွင်း လူသားစာနာအကူအညီများ၏ လာရာနှင့် လားရာ

စစ်အာဏာသိမ်းကာလအတွင်း မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လေ့လာကြည့်ပါက မြန်မာပြည်သူအချင်းချင်း ထည့်ဝင်လှူဒါန်းသော အကူအညီနှင့် နိုင်ငံတကာအစိုးရများမှ ထည့်ဝင်လှူဒါန်းသော အကူအညီများအဖြစ် နှစ်မျိုးတွေ့ရှိရသည်။

အစဉ်အလာအရ ကမ္ဘာ့အလှူအတန်းအရက်ရောဆုံးနိုင်ငံဖြစ်နေသည်ကပင် စစ်အာဏာသိမ်းမှုကြောင့် အတိဒုက္ခရောက်ရှိနေသော ပြည်သူလူထုအတွက် သက်သာရာရစေသည်ဟု ဆိုရပါလိမ့်မည်။ ပြည်တွင်းနေ နိုင်ငံသားများနှင့် ပြည်ပရောက်နိုင်ငံသားများထံမှ ထောက်ပံ့လှူဒါန်းငွေများသည် နွေဦးတော်လှန်ရေးအင်အားစုများဘက်မှတဆင့် မြန်မာနိုင်ငံအတွင်း အမှန်တကယ် အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထံ ပုံမှန်၊ အချိန်မှန်ရောက်ရှိနေသည်ဟု ဆိုပါသည်။

နွေဦးတော်လှန်ရေးအင်အားစုများဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များ၊ လူမျိုးနှင့်ဒေသအလိုက် စုစည်းထွက်ပေါ်လာသော ဖက်ဒရယ်ယူနစ်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့(NGO) များ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ စသည်တို့မှတဆင့် ပြည်သူလူထုနှင့် အနီးစပ်ဆုံးတွင်ရှိသော လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်လာသော နိုင်ငံ့ဝန်ထမ်းများ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဒေသအလိုက် လူသားစာနာအကူအညီပေးရေးတာဝန်ခံများဖြင့် ကွန်ရက်ပုံစံချိတ်ဆက်ကာ အမှန်တကယ် အကူအညီလိုအပ်နေသော ပြည်သူလူထုထံ အထောက်အပံ့များကို တိုက်ရိုက်ပေးအပ်ထားနိုင်သည်ကို တွေ့ရပါသည်။

"လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတာမျိုးပဲရှိတယ်။ ဒေသတခုမှာ နေရပ်စွန့်ခွာရတဲ့သူတွေ ရှိတယ်ဆိုရင် ကျွန်တော်တို့ဌာနကသွားပြီးတော့ စာရင်းကောက်ယူလို့မရဘူး။ Networking လုပ်ထားတာဖြစ်ပြီးတော့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတာမျိုးပဲ ဖြစ်ပါတယ်" ဟု ဒေါက်တာဝင်းမြတ်အေးက ရှင်းပြပါသည်။ [7]

နိုင်ငံတကာအစိုးရများဘက်မှ ထောက်ပံ့လှူဒါန်းငွေများ၏ စီးဆင်းမှုကို လေ့လာကြည့်ပါမူ နိုင်ငံအများစုသည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများဖြစ်သော ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR)၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှုရုံး (UNOCHA)၊ ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ (UNICEF) ၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)၊ နိုင်ငံတကာကြက်ခြေနီကော်မတီ(ICRC) ၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) နှင့် အခြားဆက်စပ်အဖွဲ့အစည်းများ၊ အာဆီယံဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ လူသားချင်းစာနာထောက်ထားရေးအကူအညီဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ (AHA Centre)တို့မှတဆင့် ၎င်းတို့၏ လူသားစာနာအကူအညီများအား စီးဆင်းစေခြင်းဖြစ်သည်။


---

7 လူသားချင်းစာနာထောက်ထားရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန(MOHADM) ပြည်ထောင်စုဝန်ကြီးနှင့် အမေးအဖြေ (BNI-MPM)

အဆိုပါအာဆီယံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများကမူ အဓမ္မ အာဏာလုယူထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ စစ်ကောင်စီနှင့်ပူးပေါင်းကာ ၎င်းတို့၏ လုပ်ငန်းလျာထားချက်များအား စီမံဆောင်ရွက်နေရသည်ကို တွေ့ရသည်။

အာဏာသိမ်းစစ်ကောင်စီနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး လုပ်ဆောင်နေရသည့်အတွက် နိုင်ငံတကာအလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား အမှန်တကယ်လိုအပ်နေသော မြန်မာပြည်သူလူထုထံရောက်ရှိရေးထက်ပင် အာဏာသိမ်းစစ်အုပ်စု၏ ကန့်သတ်မှုများ၊ တားဆီးပိတ်ပင်မှုများကိုသာ ဦးစားပေးလိုက်နာနေရသည်ကို သတိပြုမိပါသည်။

"G to G ၊ Government to Government သွားရင် အဆင်မပြေဘူး။ အမှန်တကယ်လူထုဆီမရောက်နိုင်ဘူး"ဟု ကရင်အမျိုးသမီးအစည်းအရုံး(KWO)တွဲဖက်အတွင်းရေးမှူး(၂) နော်စေးစေးဟဲက သုံးသပ်ပါသည်။ [8]




KWO သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေခရိုင် (၇) ခုအတွင်းရှိ ဒုက္ခသည်စခန်း (၇) ခုတွင် အမျိုးသမီး၊ ကလေးသူငယ်နှင့် ထိရှလွယ်သော အရပ်သားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို ၁၉၄၉ ခုနှစ်ကတည်းက ဖွဲ့စည်းလှုပ်ရှား

8 ကရင်အမျိုးသမီးအဖွဲ့(KWO) တွဲဖက်အတွင်းရေးမှူး(၂)နော်စေးစေးဟဲနှင့် အမေးအဖြေ(BNI-MPM)

ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ "စစ်အာဏာသိမ်းမှုနောက်ပိုင်း အခက်အခဲမျိုးစုံ ရင်ဆိုင်နေရတယ်" ဟု နော်စေးစေးဟဲက ဆိုပါသည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၏ ဦးတည်ရာသည် ၂၀၁၅ ခုနှစ်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ဖြစ်ပေါ်လာချိန်မှစပြီး ပြည်ထောင်စုအစိုးရထံသို့သာ လမ်းကြောင်းပြောင်းကာ စီးဝင်သွားသည့်အတွက် စစ်အာဏာသိမ်းရန် ကြိုးပမ်းနေသည့် ယနေ့အချိန်အခါတွင် အမှန်တကယ်အကူအညီလိုအပ်နေသည့် ပြည်သူလူထုအတွက် ပိုမိုခက်ခဲသွားရခြင်း ဖြစ်သည်။


"အာဏာသိမ်းလိုက်တော့ပိုဆိုးသွားတယ်။ Donor လိုအပ်ချက်တွေများလာတယ်။ ထောက်ပံ့ကြေးက နည်းတယ်။ Border Line အကန့်အသတ်တွေ ရှိလာတယ်။ NCA ထိုးပြီးနောက်ပိုင်း အထောက်အပံ့တွေက မြန်မာပြည်တွင်းထဲကို ဝင်သွားတာများတယ်။ Border Line ကို မလာတော့ဘူး" ဟု KWO တွဲဖက်အတွင်းရေးမှူး (၂) က ရှင်းပြသည်။

## လူသားစာနာအကူအညီများ၏ လွှမ်းခြုံနိုင်မှုအခြေအနေများ

စစ်အာဏာသိမ်းကာလအတွင်း မြန်မာပြည်သူလူထု၏ အတိဒုက္ခရောက်ရှိမှုအခြေအနေများကို မျက်ဝါးထင်ထင် မြင်တွေ့ကြားသိနေသော နိုင်ငံတကာအစိုးရများအနေဖြင့် အားပေးနှစ်သိမ့်မှု၊ ထောက်ခံရပ်တည်မှုနှင့် စာနာထောက်ထားမှုတို့ကို ပုံသဏ္ဍာန်မျိုးစုံအသုံးပြုကာ ချဉ်းကပ်လှုပ်ရှားလျက်ရှိပါသည်။ သို့နှင့်တိုင် ဆိုခဲ့ပါလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအား မြန်မာနိုင်ငံအတွင်းရှိ အမှန်တကယ်လိုအပ်နေသူများထံ ရောက်ရှိနေသလားဆိုသည်ကိုမူ အကဲဖြတ် တွက်ချက်နိုင်စွမ်းမရှိကြသေးဟု ဆိုရပါမည်။

UNOCHA က ထုတ်ပြန်သည့် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ရေးအစီအစဉ် (HRP) နှင့်ပတ်သတ်ပြီး ၂၀၂၂ ခုနှစ်၊ နှစ်ကုန်အစီရင်ခံစာအရတော့ မြန်မာနိုင်ငံအတွင်း လူသားစာနာအကူအညီလိုအပ်သူပေါင်း ၁၄ ဒသမ ၄ သန်းရှိခဲ့သည့်တိုင် ပြည်သူပေါင်း ၆ ဒသမ ၂ သန်းထံ ရောက်ရှိနိုင်ရေး ပစ်မှတ်ထားခဲ့သော်လည်း ပြည်သူ ၄ ဒသမ ၃၆၁ သန်းကိုသာ လူသားစာနာအကူအညီများ ထောက်ပံ့ကူညီနိုင်ခဲ့သည်ကိုတွေ့ရပါသည်။ အဆိုပါလူဦးရေ၏ ၁၁ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သော ၅ သိန်းကျော်သည် စစ်ဘေးသင့်ဒုက္ခသည်များ(IDPs) ဖြစ်ပြီး ၎င်းတို့အတွက် အမေရိကန်ဒေါ်လာ ၉ သန်းသာ အသုံးပြုနိုင်ခဲ့ခြင်းကြောင့် စစ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးဒုက္ခသည်ပြည်သူ (IDP) တစ်ဦးလျှင် ၂၀၂၂ ခုနှစ် တစ်နှစ်ပတ်လုံးတွင်မှ အမေရိကန်ဒေါ်လာ ၁၇ ဒေါ်လာနှင့် ညီမျှသော ထောက်ပံ့ကူညီမှုသာ ရရှိခဲ့သည်ကိုတွေ့ရပါ သည်။ မူလလျာထားချက်တွင် IDP တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၆၈ ဒေါ်လာ ထောက်ပံ့နိုင်ရေးဖြစ်ပါသည်။ ထို့အပြင် မြန်မာပြည်သူလူထုအတွက် အမေရိကန်ဒေါ်လာ ၈၂၆ သန်း လျာထားခဲ့သော်လည်း အမှန်တကယ်အသုံးပြုနိုင်ခဲ့သည့် ပမာဏသည် အမေရိကန်ဒေါ်လာ ၂၉၂ သန်းသာ ရှိခဲ့ ကြောင်း ၂၀၂၂ ခုနှစ် HRP နှစ် ကုန်အစီရင်ခံစာက ဆိုပါသည်။ [9]

9 Myanmar Humanitarian Response Plan 2022 End-Year Report, 11 Apr 2023
http://rb.gy/el0c7




မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်သူပေါင်း ၁ ဒသမ ၈သန်းနီးပါး ရှိလာသည့် ၂၀၂၃ ခုနှစ်အတွက် HRP လျာထားချက်တွင်တော့ UNOCHA အနေဖြင့် မြန်မာပြည်သူ ၄ ဒသမ ၅ သန်းကိုသာ ပစ်မှတ်ထားအကူအညီပေးတော့မည်ဖြစ်သဖြင့် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် လျာထားချက်ထက် လူဦးရေ ၂ သန်းနီးပါးလျော့ချခဲ့သည်ကို တွေ့ရသည်။ ထိုအနက် IDP ကဏ္ဍအတွက် လူဦးရေ ၉၅၀၀၀ ကျော်ကိုသာ ပစ်မှတ်ထားကူညီထောက်ပံ့ရန် လျာထားပြီး အသုံးပြုမည့်ရန်ပုံငွေပမာဏကို အမေရိကန်ဒေါ်လာ ၈၈ သန်း သတ်မှတ်ထားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ IDP တစ်ဦးလျှင် ၂၀၂၃ ခုနှစ် တစ်နှစ်ပတ်လုံးတွင် အမေရိကန်ဒေါ်လာ ၉၂ ဒေါ်လာ ထောက်ပံ့နိုင်ရေးလျာထားပါသည်။ [10]

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)မှ ဖွဲ့စည်းထားသော အရေးပေါ်ကယ်ဆယ်ရေးဆက်စပ်ဆောင်ရွက်မှုအဖွဲ့ (CDER) ညှိနှိုင်းရေးမှူး နဲနယ်ပလိုကတော့ သူလက်လှမ်းမီသမျှ သတင်းအချက်အလက်များအရ အာဆီယံအပါအဝင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများထံမှ ကရင်နီပြည်(ကယားပြည်နယ်)အတွင်း နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုအကူအညီများ ရောက်ရှိလွှမ်းခြုံမှုသည် အမှန်တကယ်အကူအညီလိုအပ်နေသော ပြည်သူလူထု၏ ၃၅ ရခိုင်နှုန်းမျှသာ ရှိနိုင်သည်ဟု ဆိုပါသည်။

10 Myanmar Humanitarian Response Plan 2023, 25 January 2023, http://rb.gy/3hnb6

"တကယ်လိုအပ်နေတဲ့သူတွေဆီကို အခုထက်ထိ မရောက်ကြဘူး။ တောထဲတောင်ထဲမှာ ထွက်ပြေးတိမ်းရှောင်နေကြရတဲ့ ပြည်သူတွေ၊ နယ်စပ်နားအထိရောက်လာတဲ့ ပြည်သူတွေဆီကို တော့ သူတို့အကူအညီတွေက ဘယ်နည်းနဲ့မှ မရောက်နိုင်ဘူး။ သူတို့ဆီက လာတဲ့အကူအညီတွေက မြို့ထဲလိုနေရာတွေ၊ တောမကျမြို့မကျ နေရာမျိုးတွေ၊ စစ်ကောင်စီရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ နေရာမျိုးတွေဆီကိုပဲ အနည်းအကျဉ်းရောက်တယ်"ဟု နဲနယ်ပလိုးက သုံးသပ်ပါသည်။ [11]

ကရင်နီပြည်(ကယားပြည်နယ်)အတွင်း WFP မှ အစားအသောက်တချို့ ၊ UNHCR မှ အစား အသောက်မဟုတ်သော အထောက်အပံ့တချို့၊ စစ်ဘေးရှောင်တချို့နှင့် ထိခိုက်ဒဏ်ရာရရှိထား သည့် ပြည်သူတချို့အထိ ICRC ၏ ငွေကြေးအကူအညီတချို့နှင့် Save The Children မှ ကျန်းမာ ရေးဝန်ဆောင်မှုတချို့ကို ထောက်ပံ့ကူညီနေသည်ကို တွေ့ရကြောင်း ကရင်နီပြည်အတိုင်ပင်ခံ ကောင်စီ(KSCC)၏ လူသားချင်းစာနာထောက်ထားမှုကော်မတီပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင် က ပြောပါသည်။ UNOCHA  အနေဖြင့် အာဏာသိမ်းစစ်ကောင်စီလက်အောက်ခံပြည်နယ် စစ်ကောင်စီဥက္ကဋ္ဌနှင့်တွေ့ဆုံကာ စစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာထောက်ပံ့မှုဝေနိုင်ရေး အတွက် ဆွေးနွေးမှုများရှိခဲ့ပြီး စစ်ကောင်စီ၏ ထိန်းချုပ်အုပ်စိုးမှုအောက်ရှိ စာရင်းမှုသာ ထောက်ပံ့ ကူညီနိုင်လိမ့်မည်ဟု ဆိုပါသည်။

"တချို့စာရင်းဇယားတွေ ထွက်ပေမယ့် IDPs သပ်သပ်မဟုတ်ဘူး။ ရပ်ကွက်သူ ရပ်ကွက်သား တွေကိုပါ ပေးတာရှိတယ်။ တချို့ဆို ဘယ်ရပ်ကွက်သူ ရပ်ကွက်သားမှန်းမသိဘဲ စာရင်းနဲ့ စားနပ် ရိက္ခာလာထုတ်သွားတဲ့ အခြေအနေကလည်း ၂၀၂၂ မှာ ကျွန်တော်တို့တွေ့ခဲ့တာရှိပါတယ်။ ပိုဆိုး တာက စစ်ဘေးရှောင်ရှိနေတဲ့ တကယ့်အရပ်မှာ ဝင်ရောက်ပြီးတော့မှ ပေးနိုင်ခဲ့တာမရှိဘူး" ဟု ဦးဗညားခွန်အောင်က ထောက်ပြပါသည်။ [12]

ကရင်နီပြည်(ကယားပြည်နယ်)အတွင်း ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ နိုင်ငံ တကာ လူသားစာနာအကူအညီများ၊ KNPP နှင့် KSCC တို့၏ "ပြည်သူမှ ပြည်သူသို့" အကူအညီများ၊ နာမည်မဖော်ဘဲ ပံ့ပိုးလျက်ရှိသည့် NGO ၊ INGO များမှ ရရှိသော အကူအညီများသည် ဒေသတွင်း အမှန်တကယ်အကူအညီလိုအပ်လျက်ရှိသော စစ်ဘေးရှောင်များအပါအဝင် ပြည်သူလူထု၏ ၅၀ ရာခိုင်နှုန်းမျှသာ လွှမ်းခြုံနိုင်ပါသည်။ "ကျန်တဲ့ ၅၀ ရာခိုင်နှုန်းက လူထုတွေကိုယ်၌က ကိုယ်ခြေကိုယ် ရှန်းပြီးတော့ ရှာဖွေစားသောက်ပြီးတော့ ရှင်သန်နေရတဲ့ပုံစံဖြစ်တယ်" ဟု KSCC၏ လူသားချင်း စာနာထောက်ထားမှုကော်မတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်က သုံးသပ်ပါသည်။

"ပြည်သူမှ ပြည်သူ" ပြည်သူအချင်းချင်း ထည့်ဝင်လှူဒါန်းမှုကြောင့် ၂ နှစ်အတွင်း ၆ ဒသမ ၆ ဘီလီယံကျပ်အထိ လက်ခံရရှိထားသည့် NUG ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန(MOHADM)အနေဖြင့် မြန်မာနိုင်ငံတဝှမ်းလုံးရှိ အရေး ပေါ် အကူအညီလိုအပ်နေသည့် နေရပ်စွန့်ခွာစစ်ဘေးရှောင်ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်း CDM များ၊


---

11 KNPP အရေးပေါ်ကယ်ဆယ်ရေး ဆက်စပ်ဆောင်ရွက်မှုအဖွဲ့(CTER)ညှိနှိုင်းရေးမှူး နဲနယ်ပလိုးနှင့် အမေးအဖြေ (BNI-MPM)

12 KSCC ၏ လူသားချင်းစာနာထောက်ထားမှုကော်မတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်နှင့် အမေးအဖြေ (BNI-MPM)

ထိခိုက်ကျဆုံးပြည်သူများ၏ မိသားစုဝင်များ၊ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်များ၊ ထိခိုက်လွယ်သော မိသားစုဝင်များ စသဖြင့် အုပ်စုအမျိုးအစားခွဲကာ ပြည်သူပေါင်း ၂ သိန်းကျော် (၃သိန်းခန့်) အထိသာ ထောက်ပံ့ကူညီနိုင်သေးသည်ကို တွေ့ရသည်။

"မြေပြင်မှာ ဆောင်ရွက်နိုင်သူတွေရဲ့တင်ပြမှုကိုပဲ ကျွန်တော်တို့က ပံ့ပိုးကူညီရတာ။ တကယ်တမ်း နေရပ်စွန့်ခွာရပြီး ဘယ်နေရာ၊ ဘယ်ဒေသကို ရောက်မှန်းမသိ၊ ကျွန်တော်တို့ကို ဆက်သွယ်လို့မရဆိုတဲ့သူတွေလည်း ရှိနိုင်တယ်။ ဒီလိုမျိုးလူတွေတော့ မပါသေးဘူး"ဟု ၎င်းတို့ အကူအညီမပေးနိုင်သေးသည့် အရပ်သားပြည်သူများနှင့် ပတ်သက်ပြီး ဒေါက်တာဝင်းမြတ်အေးက ရှင်းပြသည်။ [13]




စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် ပြည်တွင်းခုခံတော်လှန်စစ် အပြန့်ကျယ်လာခြင်းနှင့်အတူ အာဏာသိမ်းစစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများ၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ၊ ရပ်ရွာအလိုက် မီးရှို့ဖျက်ဆီးမှုများ၊ လက်နက်ကြီး လက်နက်ငယ်များဖြင့် မြို့ရွာရပ်ကွက်အတွက် ရမ်းသန်းပစ်ခတ်မှုများ စသည့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ

13 လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန(MOHADM) ပြည်ထောင်စုဝန်ကြီးနှင့် အမေးအဖြေ (BNI-MPM)

တဝှမ်းလုံးတွင် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်အရေအတွက်သည်ပင် ၁ ဒသမ ၈ သန်းအထိ ရှိနေပြီဖြစ်သည်။ (မှတ်ချက်။ ။ အဆိုပါ ၁ ဒသမ ၈ သန်းတွင် စစ်အာဏာမသိမ်းခင်က စစ်ဘေးရှောင် အရေအတွက် ၃ သိန်းခန့်လည်း အပါအဝင်ဖြစ်သည်။

ဆိုရသော် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အမှန်တကယ်လိုအပ်နေသော ပြည်သူလူထုထံ ရောက်ရှိနိုင်ရေးသည် ယင်းလူသားစာနာ အကူအညီများအား စီမံခန့်ခွဲနေကြသည့် အာဆီယံအပါအဝင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် အာဏာသိမ်းစစ်ကောင်စီနှင့်သာ နားလည်မှုစာချွန်လွှာရေးထိုးပြီး ပူးပေါင်းလုပ်ဆောင်နေကြခြင်းကြောင့် အကန့်အသတ်များစွာ ရှိနေသည့်အတွက် ၎င်းတို့ထောက်ပံ့ကူညီရန် လျာထားချက်များကိုပင် ပြည့်မီအောင်ထောက်ပံ့ကူညီနိုင်ရန်အတွက်ပင် ကြီးမားသည့်စိန်ခေါ်မှုအဖြစ် ရှိနေသည်ဟု ဆိုရပါသည်။

"သူတို့လိုအဖွဲ့အစည်းတွေက အစီရင်ခံစာတင်တဲ့အခါ၊ သတင်းထုတ်ပြန်တဲ့အခါ ကိန်းဂဏန်းတွေကို အားလုံးပေါင်းပြီးတော့မှ ကရင်ပြည်နယ်မှာဆိုရင် ဒေါ်လာဘယ်နစ်သန်း ကူညီခဲ့ပါတယ်၊ စသဖြင့် ထုတ်ပြန်လေ့ရှိကြတယ်။ ဒါပေမယ့် တကယ့်ပြည်သူတွေဆီကိုရောက်သွားတဲ့ ကိန်းဂဏန်းတွေမဟုတ်ဘူး" ဟု KNPP အရေးပေါ်ကယ်ဆယ်ရေးဆက်စပ်ဆောင်ရွက်မှုအဖွဲ့ (CTER) ညှိနှိုင်းရေးမှူး နဲနယ်ပလိုးက ဝေဖန်ပါသည်။ ၎င်းက ယခုလည်း ရှင်းပြပါသည်။

"ဥပမာ - လူတစ်သောင်းကို ကူညီနိုင်ဖို့အတွက် သူတို့ကုန်ကျခဲ့တဲ့ငွေ၊ သူတို့ရုံး လည်ပတ်ရေးအတွက် ကုန်ကျတဲ့ငွေ၊ ခရီးသွားလာတာနဲ့ပတ်သတ်ပြီး ကုန်ကျတဲ့ငွေ၊ ဝန်ထမ်းလစာတွေလည်းပါမယ် စသဖြင့်ပေါ့နော်။ နောက်ပြီး စစ်ကောင်စီကနေတဆင့် ဖြတ်လာပြီးတော့ Formal နည်းနဲ့လာတဲ့ဟာတွေဆိုရင် တကယ်လိုအပ်တဲ့ စစ်ဘေးရှောင် ပြည်သူတွေဆီကို မရောက်ဘူး"။


ချင်းပြည်နယ် လူသားချင်းစာနာထောက်ထားရေးနှင့် ကယ်ဆယ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဝိုင်းတမ်မောင်းကလည်း ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများသည် ၂၀၂၂ ခုနှစ်အတွင်း ၎င်းတို့၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ရေးအစီအစဉ်(HRP)အရ ဘတ်ဂျက်(အသုံးစရိတ်)အားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ကို ရန်ကုန်တိုင်းတစ်ခုတည်းအတွင်း အသုံးပြုခဲ့ခြင်းကို ကြည့်ပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေအိမ်ပေါင်း သောင်းနှင့်ချီပြီး မီးရှို့ဖျက်ဆီးခံရသည့်ဒေသများ၊ အထူးသဖြင့် စစ်ကိုင်း၊ မကွေး၊ ချင်းနှင့် ကရင်နီပြည်နယ်များအတွင်း ရိတ်သိမ်းသိုလှောင်ထားသည့် စားနပ်ရိက္ခာများပါမကျန် စစ်ကောင်စီတပ်များ၏ မီးရှို့ဖျက်ဆီးခံခဲ့ရပြီး လုံလောက်သည့် အကူအညီအထောက်အပံ့မရရှိခဲ့ခြင်းအပေါ် စိတ်မကောင်းဖြစ်ရသည်ဟု ဆိုပါသည်။

"ဘယ်တိုင်းဒေသကြီးမှာပဲရှိရှိ မြန်မာပြည်သူပါပဲ၊ ရတာကို ဂမ်းသာပါတယ်၊ တဖက်မှာကတော့ တကယ်လိုအပ်တဲ့သူတွေဆီကို မရောက်နိုင်တဲ့အတွက် စိတ်မကောင်းဖြစ်ရတာပေါ့" ဟု MOHADM ၏ ဒုတိယဝန်ကြီးလည်း ဖြစ်သူ ဒေါက်တာဝိုင်းတမ်မောင်းက ပြောပြသည်။ [14]

14 ချင်းပြည်နယ် လူသားချင်းစာနာထောက်ထားရေးနှင့် ကယ်ဆယ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဝိုင်းတမ်မောင်းနှင့် အမေးအဖြေ ၊ BNI-MPM

## လူသားစာနာ အကူအညီအလိုအပ်ဆုံးနှင့် အခက်အခဲဆုံးဒေသ

မိမိတို့ BNI – Myanmar Peace Monitor ၏ နေ့စဉ်မှတ်တမ်းအရ ၂၀၂၃ ခုနှစ် မေလ ၁၆ ရက်အထိ စစ်အာဏာသိမ်းကာလတလျှောက်လုံးတွင် ၁ ဒသမ ၅၆ သန်းကျော်ရှိနေပြီး ထိုအနက် စစ်ကိုင်းတိုင်းတစ်ခုတည်းတွင် စစ်ကြောင့်နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူပေါင်း ၆၆၀၅၅၀ ဦး ရှိပြီး စစ်ဘေးရှောင်ပြည်သူအများဆုံးဒေသဖြစ်ခဲ့သည်။ မကွေးတိုင်းသည် စစ်ဘေးရှောင်ပြည်သူပေါင်း ၂၃၀၄၀၀ ဦးရှိပြီး ဒုတိယမြောက် စစ်ဘေးရှောင်ပြည်သူအများဆုံးဒေသဖြစ်ပါသည်။ ပဲခူးတိုင်းအရှေ့ပိုင်း၊ ကရင်ပြည်နယ်နှင့် ကရင်နီပြည်တို့သည်လည်း စစ်ဘေးရှောင်အရေအတွက် တစ်သိန်းအထက်စီ ရှိနေပါသည်။ [15] (မှတ်ချက်။ ။ UNOCHA စာရင်းတွင်မူ စစ်ကိုင်းတိုင်းအတွင်း စစ်ဘေးရှောင်ပြည်သူပေါင်း ၇၆၁၃၀၀ ဦးရှိနေပါသည်)




စစ်ကိုင်းတိုင်းသည် အာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ်ဆင်နွှဲနေသော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) အရေအတွက် အများဆုံးဖြစ်တည် ပေါက်ဖွားရာဒေသဖြစ်ပြီး မြို့နယ်ပေါင်း ၃၅ မြို့နယ်ရှိသည့် စစ်ကိုင်းတိုင်းအတွင်း ခန္တီးနှင့် လဟယ်

15 Internally Displaced Persons Situation in Myanmar, 16 May 2023, BNI – MPM http://rb.gy/s9yvm

မြို့နယ်မှလွဲ၍ ကျန်မြို့နယ် ၃၃ မြို့နယ်တွင် PDF-LDF များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၆၅၄ ရက်အထိ ဖြစ်ပွားခဲ့ပါသည်။[16] BNI - Myanmar Peace Monitor အနေဖြင့် တိုက်ပွဲဖြစ်ပွားမှုများကို ရက်ဖြင့်သာ မှတ်တမ်းပြုထားခြင်းဖြစ်ပြီး အကြိမ်ရေအားဖြင့်မူ ထောင်နှင့်ချီ ရှိနိုင်ပါသည်။

အာဏာသိမ်းစစ်ကောင်စီတပ်အား ခုခံတော်လှန်စစ်အပြင်းထန်ဆုံး ဒေသဖြစ်သည်နှင့်အတူ စစ်ကိုင်းတိုင်း၏ မြို့နယ်ပေါင်း ၂၈ မြို့နယ်တွင် လေကြောင်းမှ ဗုံးကြဲပစ်ခတ်တိုက်ခိုက်သည့် ရက်ပေါင်း ၁၀၄ ရက်အထိ ရှိခဲ့ပြီး နိုင်ငံတဝှမ်းလုံးတွင် စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုအများဆုံးခံရသည့် ဒေသလည်း ဖြစ်နေပါသည်။[17]စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ပဇီကြီးရွာအား လေကြောင်းမှဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်[18]နှင့် ဒီပဲယင်းမြို့နယ်လက်ယက်ကုန်းရွာ စာသင်ကျောင်း ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခံရမှုဖြစ်စဉ်[19] များသည် စစ်ကောင်စီ၏ လူသားမဆန်သောလုပ်ရပ်များအဖြစ် မှတ်တမ်းပြုထားပြီး ဖြစ်ပါသည်။

ယခုစာတမ်းအတွက် တွေ့ဆုံမေးမြန်းထားသည့် သက်ဆိုင်ရာဒေသအလိုက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား စီမံဆောင်ရွက်ပေးနေသူများကတော့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခက်အခဲမျိုးစုံ၊ စိန်ခေါ်မှုမျိုးစုံဖြင့် ရင်ဆိုင်ကြုံတွေ့နေကြရသော်လည်း လူသားချင်း စာနာထောက်ထားမှုအကူအညီများ အလိုအပ်ဆုံးဒေသအဖြစ် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းကို ရွေးချယ်ပေးကြပါသည်။

"သူတို့ရဲ့ ခက်ခဲမှုက အရင်ဖြစ်တည်ခဲ့တဲ့ သူတို့ရဲ့လူမှုစီးပွားရေးရယ်၊ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းရယ်၊ အဲဒီနစ်ခုနဲ့ထိုးယှဉ်ကြည့်တဲ့အခါရော စစ်ပွဲရဲ့သဘောသဘာဝနဲ့ ကြည့်တဲ့အခါမှာရော မကွေးနဲ့စစ်ကိုင်းက တချို့ဒေသတွေမှာထက် ဦးစားပေးအနေနဲ့ ရှိဖို့လိုအပ်တယ်"ဟု KSCC ၏ လူသားချင်းစာနာထောက်ထားမှုကော်မတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်က သုံးသပ်ပါသည်။ ပြည်မဘက်ခြမ်းသည် စစ်ပွဲအတွေ့အကြုံရသော်လည်းကောင်း၊ စစ်ဘေးရှောင်အတွေ့အကြုံရသော်လည်းကောင်း၊ တောထဲတောင်ထဲတွင် ကျင်လည်ရသည့် အတွေ့အကြုံပိုင်း အားနည်းချက်များကြောင့်သော်လည်းကောင်း ပြေးလွှားမှုပုံစံ၊ နယ်မြေရွှေ့ပြောင်းရသည့် ကျပ်တည်းမှု၊ တောတောင်ရေမြေသဘာဝအရင်းအမြစ် အကန့်အသတ်များကြောင့် စစ်ကိုင်းနှင့် မကွေးဒေသမှ အရပ်သားပြည်သူများကို ဦးစားပေးအဖြစ် ပြေးမြင်မိခြင်းဖြစ်ကြောင်း ဦးဗညားခွန်အောင်က ရှင်းပြသည်။ [20]

NUG ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန (MOHADM) ပြည်ထောင်စုဝန်ကြီးကလည်း ကရင်နီ၊ ကရင်နှင့် ချင်းပြည်နယ်တို့သည် တရားဝင်မဟုတ်သည့်တိုင် ထိုင်းနှင့် အိန္ဒိယကဲ့သို့သော နယ်စပ်မှတဆင့် လူသားချင်းစာနာထောက်ထားမှု

16 People Défense Force Dashboard, 16 May 2023, BNI-MPM http://rb.gy/rti75

17 Military Regime's Airstrikes in Myanmar, 16 May 2023, BNI-MPM http://rb.gy/58jmv

18 May Pazigyi Be Blessed With Merits Shared By The Whole Country. – Issue 100 http://rb.gy/rnldd

19 The Day of Tragedy in Let Yet Kone Village – Issue 72 http://rb.gy/n76tj

20 လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန(MOHADM) ပြည်ထောင်စုဝန်ကြီးနှင့် အမေးအဖြေ (BNI-MPM)



*ဓာတ်ပုံ - CJ* *စစ်ကောင်စီနှင့် ဒေသခံ PDF တပ်တွေကြား တိုက်ပွဲများကြောင့် ထွက်ပြေးနေသည့် ဒေသခံတောင်သူများ။*

ဆိုင်ရာ အကူအညီတချို့ ရရှိနိုင်သေးသည့်အတွက် စစ်ကိုင်းနှင့် မကွေးကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ ပြည်သူများသည် ပိုမိုခက်ခဲကြသည်ဟုရှု မြင်ပါသည်။

"နယ်စပ်ဖြတ်ကျော် အကူအညီရဖို့ အခက်အခဲရှိနေတာကလည်း စစ်ကိုင်း၊ မကွေးဒေသတွေဖြစ်ပါတယ်။ ဒုက္ခအရောက်ဆုံး၊ လက်လှမ်းမှီမှုအနည်းဆုံးနဲ့ အကူအညီလိုအပ်ဆုံးဒေသကတော့ အလယ်ပိုင်းဒေသဖြစ်ပါတယ်" ဟု ဒေါက်တာဝင်းမြတ်အေးက ပြောပါသည်။

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင် ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ(ICNCC)ကိုယ်စား ပါဝင်နေသူ ဒေါက်တာငိုင်းတမ်မောင်းကလည်း လက်ရှိနိုင်ငံတဝှမ်းလုံးမှ အကူအညီလိုအပ်နေကြသည့် ဒေသများကို အုပ်စုအလိုက်ခွဲခြမ်းကြည့်ပါက စစ်ကိုင်းတိုင်းသည် နံပါတ်တစ်၊ မကွေးတိုင်းသည် နံပါတ်နှစ်၊ ချင်း၊ ကရင်နီနှင့် ကရင်ပြည်နယ်တို့သည် နံပါတ်သုံးအဖြစ် ဦးစားပေးမှုအလိုအပ်ဆုံးဒေသများ ဖြစ်နေသည်ဟု သုံးသပ်ပါသည်။

"ရွာအလိုက်ကို မီးရှို့ပစ်လိုက်တာ။ မီးရှို့တဲ့အခါကျတော့ တစ်နှစ်စာ ရိက္ခာပါသွားတဲ့အပြင် ကျေးရွာဒေသက လယ်ယာလုပ်ငန်းတွေမှာသုံးတဲ့ ကျွဲနွားတွေပါဖျက်ဆီးခံရတော့ သူတို့က အမှန်တကယ်ကိုမှ လိုအပ်နေတယ်။ တဖက်မှာလည်း စစ်ကောင်စီက အဲဒီနေရာတွေကို (စားနပ်ရိက္ခာ) မရောက်နိုင်အောင် ဖြတ်လေးဖြတ်နဲ့လုပ်နေတဲ့အခါကျတော့ အဲဒီစစ်ကိုင်း၊ မကွေး၊ ချင်း၊ ကရင်နီ က အခက်ခဲဆုံးဖြစ်မယ်"ဟု ဒေါက်တာငိုင်းတမ်မောင်း က ရှင်းပြပါသည်။ [21]

21 ချင်းပြည်နယ် လူသားချင်းစာနာထောက်ထားရေးနှင့် ကယ်ဆယ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာငိုင်းတမ်မောင်းနှင့် အမေးအဖြေ၊ BNI-MPM

မြန်မာ့နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ် အပြင်းထန်ဆုံးဒေသ၊ စစ်ဘေးရှောင်ပြည်သူ အရေအတွက် အများဆုံးဒေသ၊ အာဏာသိမ်းစစ်အုပ်စု၏ နေအိမ်မီးရှို့ဖျက်ဆီးခြင်းအပါအဝင် ကြည်းကြောင်း၊ ရေကြောင်း၊ လေကြောင်းစသည့် ထိုးစစ်ဆင်မှုများ၊ အကြမ်းဖက်လုပ်ရပ်များကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေရသည့် စစ်ကိုင်းတိုင်းအတွင်းရှိ ပြည်သူများအတွက် နိုင်ငံတကာ အစိုးရများက ထောက်ပံ့သော နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လုံးဝမရရှိသေးသည်ကို အံ့သြဖွယ်မြင်တွေ့ရပါသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ UNOCHA မှ ထုတ်ပြန်ချက်အရ နိုင်ငံတကာအစိုးရများ မှ ထောက်ပံ့ကူညီထားသော မြန်မာနိုင်ငံဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုရံပုံငွေ အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၆ သန်းအနက် အမေရိကန်ဒေါ်လာ ၁၂ သန်းကို စီမံခန့်ခွဲရာတွင် ရခိုင်၊ ကချင် နှင့် ရှမ်းပြည်နယ်တို့တွင်သာ အများဆုံးအသုံးပြုခဲ့ပြီး ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ၉ ရာခိုင်နှုန်းသာ အသုံးပြုခဲ့သည်ကို တွေ့ရပါသည်။

နောက်ထပ် ကုလလက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာကလေးများ ရံပုံငွေအဖွဲ့ (UNICEF) ၏ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်အထိ အစီရင်ခံစာ (အမှတ် - ၇) တွင် လည်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ချင်းပြည်နယ်ပါဝင်သော မြန်မာနိုင်ငံအနောက်မြောက်ဒေသ အတွင်း စစ်ဘေးရှောင်အရေအတွက် ၆၆၅၀၀၀ ကျော်အတွက် ၎င်းတို့၏ လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေထောက်ပံ့နိုင်ခြင်းမရှိသေးကြောင်း ဖော်ပြထားပါသည်။ UNICEF ၏ အစီရင်ခံစာအရ ၎င်းတို့အကူအညီပေးရေးအဖွဲ့များ၏ သွားလာခွင့်ဆိုင်ရာခွင့်ပြုချက်နှင့် ပတ် သက်ပြီး စစ်ကောင်စီဘက်က တင်းကျပ်စွာထိန်းချုပ်ထားသည့်အတွက် အဆိုပါမြန်မာနိုင်ငံ အနောက်မြောက်ဒေသအတွင်း ဝင်ရောက်မကူညီနိုင်ခြင်းဖြစ်သည်ဟု ဆိုပါသည်။ အဆိုပါဒေသရှိ မြို့နယ်များအတွင်း ပိုမိုဝင်ရောက်နိုင်ရေးအတွက် အာဏာသိမ်းစစ်ကောင်စီနှင့် ထိတွေ့ဆက်ဆံ လျက်ရှိကြောင်း ဖော်ပြထားပါသည်။ [22]

ဆိုရသော် အာဆီယံအပါအဝင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ စီမံခန့်ခွဲလျက်ရှိသော နိုင်ငံတကာအစိုးရများထံမှထည့်ဝင်သော လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများအား မြန်မာနိုင်ငံအတွင်းရှိ အမှန်တကယ်အကူအညီလိုအပ်နေသော ပြည်သူ လူထုထံရောက်ရှိရန်အတွက် အာဏာသိမ်းစစ်ကောင်စီနှင့် ပူးပေါင်းလုပ်ဆောင်သည့် နည်းလမ်းကို ပြန်လည်သုံးသပ်ကာ ပြည်သူလူထုထံ အမှန်တကယ်ရောက်ရှိနိုင်မည့် နည်းလမ်းများအား ရှာဖွေ ချဉ်းကပ်သင့်ပြီ ဖြစ်သည်။

"စစ်ကောင်စီကို ကြောက်နေကြတယ်။ နိုင်ငံတကာသည် လွတ်လွတ်လပ်လပ်နဲ့ လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်တဲ့သူတွေကို ထောက်ပံ့ဖို့အခြေအနေမျိုးကို မရရှိသေးဘူးဖြစ်နေတယ်။ လွတ်လပ်မှသာ တကယ်လိုအပ်တဲ့နေရာတွေကို ရောက်မယ်၊ ထိထိရောက်ရောက် ဆောင်ရွက်နိုင် မှာ ဖြစ်တယ်။ သူတို့အခက်အခဲကို ကျွန်တော်တို့ကို ထုတ်မပြောသော်လည်း ကျွန်တော့်အမြင်အရ

22 Sagaing (OR) The Region Where IDPs Have Not Received UN's Aid – Issue 73 http://rb.gy/p8b9p

တော့ လွတ်လွပ်လပ်လပ်နဲ့ အထဲမှာဝင်ရောက်ပြီးတော့ လိုအပ်နေတဲ့သူတွေကို ခွဲခြားခြင်းမရှိဘဲ စစ်ကောင်စီထိန်းချုပ်သည့်နေရာဖြစ်စေ၊ PDF/NUG အုပ်ချုပ်တဲ့နေရာပဲဖြစ်ဖြစ်၊ တိုင်းရင်းသား အင်အားစုတွေ အုပ်ချုပ်တဲ့နေရာပဲဖြစ်ဖြစ် လွတ်လွပ်လပ်လပ်နဲ့ ထောက်ပံ့နိုင်တဲ့ အခွင့်အရေးမရှိတာ သူတို့အခက်အခဲပဲ"ဟု MOHADM ပြည်ထောင်စုဝန်ကြီးက သုံးသပ်ပါသည်။

## ကရင်ဒေသတွင်း စစ်ဘေးသင့်ပြည်သူများ၏ ရင်ဖွင့်သံ

ယခုသုတေသနစာတမ်းအတွက် စစ်ဘေးရှောင်ပြည်သူများ၏ ရင်ဖွင့်သံများနှင့် မျှော်လင့်ချက်များကို သိရှိနိုင်ဖို့အတွက် ကရင်ပြည်နယ် မြဝတီမြို့နယ် သေ့ဘောဘိုးရွာကို သွားရောက်ကာ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ သေ့ဘောဘိုးရွာအနီး တောင်ယာကုန်းတစ်ခုပေါ်တွင် အင်ရွက်မိုး၊ ဝါးတဲကလေးများဖြင့် ဖြစ်သလိုနေထိုင်ကြရသော စစ်ဘေးရှောင်ပြည်သူတိုင်းသည် သူတို့၏ ရပ်ရွာများသို့ ပြန်ခွင့်ရဖို့ မျှော်လင့်နေကြပါသည်။

ငြိမ်းချမ်းရေးမြို့တော်ဟု တင်စားကြသော လေးကေ့ကော်မြို့သစ်၊ ထီးမယ်ဝါးခီး၊ ရသေ့ဂူ၊ မဲကနယ်၊ သေ့ဘောဘိုး စသည့်ကျေးရွာများမှ စစ်ဘေးရှောင်ပြည်သူများသည် အဆိုပါတောင်ယာကုန်းပေါ်မှ ဝါးတဲကလေးများထဲတွင် မိသားစုအလိုက် နှစ်နှင့်ချီကာ နေထိုင်လာကြရခြင်းဖြစ်သည်။ စစ်ဘေးရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် အထောက်အပံ့များရရှိရေးအတွက်တော့ အသက် ၅၀ အရွယ် သေ့ဘောဘိုးရွာဥက္ကဋ္ဌ စောလားဒို့က ရှာဖွေစီမံပေးရပါသည်။

"(စစ်ကောင်စီတပ်)ဗျူဟာမှူးနဲ့ သွားတွေ့တယ်။ ရွာရောက်လာရင် ရွာသူရွာသားတွေ လွတ်လွတ်လပ်လပ်သွားလာနိုင်ဖို့ရယ်၊ အလုပ်လုပ်နိုင်ဖို့ရယ်ကို ကူညီပေးပါ။ အဓိကတော့ ရွာကို မထိခိုက်ဖို့ မနစ်နာစေဖို့ပဲ ကျနော်လိုချင်တယ်။ စစ်တပ်ဆိုတဲ့အမျိုးကတော့ အမိန့်ပဲလိုက်နာရတာပဲ"ဟု ၂၀၁၅ ခုနှစ်ကတည်းက အုပ်ချုပ်ရေးမှူး တာဝန်ယူခဲ့သူ သေ့ဘောဘိုးရွာ ဥက္ကဋ္ဌ စောလားဒို့က ပြောပါသည်။

အိမ်ထောင်စု ၅၀ ကျော်နေထိုင်ရာ သေ့ဘောဘိုးရွာအနီးတောင်ယာကုန်းအား တစ်နှစ်ငှားရမ်းခအဖြစ် ဘတ်တစ်သောင်းပေးရပြီး အိမ်ထောင်စုအလိုက် စားနပ်ရိက္ခာထောက်ပံ့နိုင်ဖို့အတွက် စစ်ကောင်စီ အပါအဝင် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ်(BGF)၊ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) တို့ထံလည်း ချိတ်ဆက်ကာ အကူအညီတောင်းခံရကြောင်း ၎င်းကရှင်းပြသည်။ ဘာသာရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း အလိုက် လှူဒါန်းမှုများကိုလည်း လစဉ်ရှာဖွေရနေရသည်ဟု ဆိုပါသည်။

"ဒီမှာကတော့ သူများပေးစာပဲ။ ဒါပေမယ့် အရမ်းကြီးတော့ မခက်ခဲဘူး။ ဆုံစည်းမြိုင်တို့၊ ဉကရစ်ထတို့လို စစ်ရှောင်စခန်းတွေမှာတော့ အလှူရှင် အလုပ်မဲဝေးတယ်။ တော်တော်ခက်ခဲတယ်"ဟု သေ့ဘောဘိုးကျေးရွာ ဥက္ကဋ္ဌစောလားဒို့က ပြောပြပါသည်။[23]

မြဝတီမြို့နယ် မဲကနဲရွာမှ အသက် ၃၈ နှစ်အရွယ် ကျောင်းဆရာမ နော်မေရီးယားကတော့ "လူဖြစ်လာကတည်းက ဒီလိုအဖြစ်မျိုး တခါမှမကြုံဖူးဘူး။ နောက်က သေနတ်သံတွေ ကြားနေရ

23 သေ့ဘောဘိုးကျေးရွာ ဥက္ကဋ္ဌ စောလားဒို့နှင့် အမေးအဖြေ၊ BNI-MPM



*ဓာတ်ပုံ - BNI-MPM* *မြဝတီမြို့နယ်အတွင်းရှိ သေ့ဘောဘိုး စစ်ရှောင်စခန်းမြင်ကွင်း*

တယ်။ လွတ်ရာလွတ်ကြောင်းပြေးရတာ”ဟု သူကြုံတွေ့ခဲ့ရသည့် အခြေအနေကို ပြန်ပြောပြပါသည်။

တလတကြိမ် ထောက်ပံ့လျက်ရှိသော စားနပ်ရိက္ခာရရှိမှုအခြေအနေနှင့်ပတ်သက်ပြီး နော်မေရီး ယားက “အကုန်အဆင်ပြေပါတယ်။ တလတခါ သူများလာပေးတာပဲ။ ဘယ်သူကပေးတယ်ဆိုတာ တော့ မမေးဖြစ်ပါဘူး၊ စပ်စုတယ်ထင်မှာစိုးလို့။ အဆင်ပြေရင်တော့ ရွာကိုပဲ ပြန်ချင်တယ်”ဟု ပြောပါသည်။ [24]

ထီးမယ်ဝါးခီရွာမှ အသက် ၅၈ ကျော်အရွယ်ရှိ ဦးမြင့်စိန်နှင့် ဒေါ်တင်အေးတို့ဆိုလျှင် သူတို့၏ နေအိမ်နှင့် ခြံဝန်းအတွင်း စစ်ကောင်စီတပ်များ နေရာယူတပ်စွဲထားသဖြင့် နေရပ်ပြန်နေထိုင်ရေး အခက်ကြုံနေရပါသည်။

“လွန်ခဲ့တဲ့ တလလောက်က အမိုးပြန်သွားတယ်။ အိမ်ထဲဝင်လို့မရဘူး။ ခြံထဲမှာတော့ ကြည့် လို့ရတယ်။ သူတို့တွေ ဆက်သွယ်ရေးမြောင်းတွေ တူးထားတာ ပတ်ပတ်လည်ပဲလေ။ ကြက်ခြံနေရာ မှာ သူတို့နေကြတယ်။ ပြီးတော့ စနိုက်ပါနေရာလည်း လုပ်ထားတယ်။ သူတို့ကတော့ ပြောပါတယ်၊ တာဝန်အရပဲ နေရတာပါ၊ ဘယ်အချိန် ပြန်ရမလဲဆိုတာ မသိဘူးပေါ့” ဟု ၂၀၂၃ ခုနှစ် ဧပြီလကုန် ပိုင်းက အတွေ့အကြုံကို အသက် ၅၈ အရွယ် ဒေါ်တင်အေးက ပြောပြပါသည်။

လက်ရှိစစ်ရှောင်စခန်းအတွင်း နေထိုင်စားသောက်ရေးနှင့် ပတ်သက်ပြီး အခက်အခဲတစုံတရာ မရှိသော်လည်း ဦးမြင့်စိန်နှင့် ဒေါ်တင်အေးတို့ ဇနီးမောင်နှံကတော့ အိမ်ကိုသာ ပြန်ချင်သည်ဟု ဆို ပါသည်။

“မျှော်လင့်ထားတာကတော့ အိမ်ပြန်ရရင် တော်ပြီ၊ ဘယ်သူကိုမှ ဘာမှမပြောချင်တော့ဘူး”ဟု ဦးမြင့်စိန်က ရင်ဖွင့်သည်။ [25]

---

24 မဲကနယ်ကျေးရွာမှ စစ်ဘေးရှောင်ပြည်သူ နော်မေရီးယားနှင့် အမေးအဖြေ၊ BNI-MPM

25 ထီးမယ်ဝါးခီးရွာမှ ဦးမြင့်စိန်၊ ဒေါ်တင်အေးတို့ ဇနီးမောင်နှံနှင့် အမေးအဖြေ၊ BNI-MPM

မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်နှင့် ကပ်လျက်ရှိသည့် ရသေ့ဂူရွာမှ အသက် ၂၂ နှစ်အရွယ် ဖော့မူဆားတို့ မိသားစုဆိုလျှင် တိုက်ပွဲကြောင့် ရွာတွင် နေ၍မရတော့သဖြင့် ဘေးလွတ်ရာထွက်ပြေး လာခဲ့ရာ ဖလူးရွာတွင် ၃ ရက်မျှ ခိုနားခဲ့ပြီး သေ့ဘောဘိုးရွာအထိ ထပ်မံတိမ်းရှောင်လာရခြင်းဖြစ် သည်။ ၂၀၂၂ ခုနှစ် မေလ တတိယအပတ် သေ့ဘောဘိုးစခန်းသိမ်းတိုက်ပွဲအတွင်း မိုးထဲရေထဲတွင် ဘေးလွတ်ရာထွက်ပြေးကြရချိန်သည် သူမအတွက် အခက်ခဲဆုံးဖြစ်ခဲ့သည်။



*ဓာတ်ပုံ - BNI-MPM* *မြဂဝတီမြို့နယ်အတွင်းရှိ သေ့ဘောဘိုး စစ်ရှောင်စခန်းမြင်ကွင်း*

"နေ့တိုင်းပဲ၊ ညနေဘက်ဆိုရင် လေယာဥ်တွေလာပတ်တယ်။ အရမ်းကြောက်တယ်။ ထိုင်းဘက် ကူးတော့လည်း ထိုင်းဘက်က စောင့်ပြီးတော့ မလာခိုင်းဘူးလေ။ ရေကကြီးနေတော့ အရမ်းခက်ခဲ တယ်"ဟု စစ်ရှောင်စခန်းကိုမရောက်ခင် ရသေ့ဂူရွာတွင် စက်ချုပ်သူ နော်ဖော့မူဆားက ပြောပြသည်။ [26] လက်ရှိစစ်ရှောင်စခန်းတွင် စားနပ်ရိက္ခာပိုင်း လုံလောက်သည့် အခြေအနေတွင်ရှိသော်လည်း နော် ဖော့မူဆားကတော့ ဇာတိမြေရသေ့ဂူရွာကိုပဲ ပြန်ချင်သည်ဟု ဆိုပါသည်။

ကလေးနှစ်ယောက်၏ ပညာရေးအတွက် ရန်ကုန်မြို့ အင်းစိန်မြို့မှ လေးကေ့ကော်မြို့သစ်သို့ ရွှေ့ပြောင်းလာခဲ့သူ အသက် ၄၅ နှစ်အရွယ် စောအေးမောင်ကလည်း "တခါမှ ဒီလိုမပြေးရဖူးဘူး၊ မယ်ဝါးခီးတိုက်ပွဲတုန်းကဆို ချောင်းထဲမှာပဲနေခဲ့ရတာ။ တိုက်ပွဲတွေ မရှိတော့ရင် ရွာပြန်မယ်၊ မြဝတီ ဖြစ်ဖြစ်ပေါ့"ဟု ရင်ဖွင့်ပါသည်။

"စားဖို့သောက်ဖို့ကတော့ ကူညီမယ့်သူရှိပါတယ်။ တလတခါတော့ မျှော်နေရတာပေါ့။ ဒါပေမယ့် ကလေးတွေ ပညာရေးနဲ့ အနာဂတ်မျှော်လင့်ချက်ကတော့ မရှိဘူးပေါ့။ စစ်ရှောင်ကတ်လည်း မရှိဘူးလေ၊ လေးကေ့ကော်က ပြေးလာရတာလို့တောင် မပြောရဲဘူး" ဟု စောအေးမောင်က ဆိုပါသည်။

26 ရသေ့ဂူရွာမှ စစ်ဘေးရှောင် နော်ဖော့မူဆားနှင့် အမေးအဖြေ၊ BNI-MPM

မိမိတို့ BNI-Myanmar Peace Monitor မှ ကွင်းဆင်းမေးမြန်းခဲ့သည့် စစ်ဘေးရှောင်ပြည်သူများ၏ စားနပ်ရိက္ခာအကူအညီရရှိမှုအခြေအနေတွင် ပြည့်စုံလုံလောက်မှုရှိနေသည်ဟု ဆိုနိုင်သော်လည်း အဆိုပါအကူအညီများနှင့်ပတ်သက်ပြီး ရှာဖွေစုဆောင်းပေးနေရသည့် သေ့ဘောဘိုးရွာဥက္ကဋ္ဌ အပါအဝင် အခြားသော လူသားစာနာအကူအညီပေးရေးလုပ်ဆောင်နေသည့် အဖွဲ့အစည်းများအတွက်မူ များစွာအခက်အခဲရှိနေသည်ကို တွေ့ရပါသည်။

"အရေးပေါ်ကာလ၊ အရေးပေါ်အစီအစဉ်ကိုပဲ အဆင်ပြေအောင် လုပ်ပေးနိုင်ပေမယ့် ရေရှည်အတွက်တော့ အဆင်မပြေဘူး။ မျှော်လင့်ချက်သိပ်မရှိဘူး"ဟု စစ်ရှောင်ပြည်သူများအတွက် လူသားစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီရေးတွင် ဦးဆောင်ဖြန့်ဝေနေသူများထဲမှ တာဝန်ခံအမျိုးသမီးတစ်ဦးက ရင်ဖွင့်ပါသည်။ ကရင်ဒေသတွင်း သောင်ရင်းမြစ်တလျှောက် နေရာ(၅)ခုရှိ စစ်ရှောင်ပြည်သူပေါင်း ၁၆၀၀၀ ကျော်အတွက် လစဉ်ထောက်ပံ့ကူညီမှုများသည် ထိုင်းနိုင်ငံဘက်ခြမ်းမှတဆင့် တရားဝင်မဟုတ်သော နယ်စပ်ဖြတ်ကျော်နည်းလမ်းကိုသာ အားပြုနေရသည့်အတွက် ထိုင်းအစိုးရ၏ တရားဝင်ခွင့်ပြုချက်သည် အလွန်အရေးပါလှသည်ဟု ပြည်တွင်းရှေ့ဆောင် အရေးပေါ်ကော်မတီတွင် ပါဝင်ဆောင်ရွက်နေသည့် သူမက ဆိုပါသည်။

"နိုင်ငံတကာ နယ်စပ်ဖြတ်ကျော်အကူအညီတွေက တကယ့်ကိုအရေးပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာအစိုးရတွေရဲ့ ကန့်သတ်ချက်ရှိနေတယ်။ ပြီးခဲ့တဲ့ ထိုင်းအစိုးရလက်ထက်မှာတော့ မျှော်လင့်ချက်နည်းတယ်။ အခုရွေးကောက်ပွဲကနေ တက်လာမယ့် အစိုးရသစ်ဖွဲ့ဖြစ်ရင်တော့ ဒီထက်ပိုကောင်းလာမယ်လို့ မျှော်လင့်တယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကို နယ်စပ်ဖြတ်ကျော်လမ်းကြောင်းကနေ တရားဝင်သွားစေချင်တယ်"ဟု ပြည်တွင်းရှေ့ဆောင် အရေးပေါ်ကော်မတီမှ အဆိုပါအမျိုးသမီးက ပြောပါသည်။ [27]

မိမိတို့ မြေပြင်ကွင်းဆင်းစုံစမ်းမေးမြန်းခဲ့သည့် စစ်ဘေးရှောင်ပြည်သူများနှင့် စစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာပံ့ပိုးထောက်ကူပေးနေသူများ၏ ရင်ဖွင့်သံများနှင့် အနာဂတ်မျှော်လင့်ရာကို စုစည်းသုံးသပ်ကြည့်ပါက စစ်ဘေးရှောင်ပြည်သူအများစုသည် ၎င်းတို့၏နေရပ်သို့ အမြန်ဆုံးပြန်ချင်နေကြသည်ကို တွေ့ရပြီး ၎င်းတို့အတွက် စားနပ်ရိက္ခာထောက်ပံ့ပေးနိုင်မှုတွင်တော့ ရေရှည်အတွက် မျှော်လင့်ချက်နည်းပါးနေသည်ကို တွေ့ရှိရပါသည်။

## ပြည်သူလူထုထံ အမှန်တကယ်ရောက်ရှိနိုင်ရေး နည်းလမ်းများ

၂၀၂၃ ခုနှစ် မတ်လ ၁၆ ရက်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ မီဒီယာတွေ့ဆုံမှုတွင် မြန်မာနိုင်ငံအတွင်း လက်တလောအကြီးမားဆုံးစိန်ခေါ်မှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အရေးပေါ်ဖြေရှင်းရမည့်ကိစ္စရပ်ကို ဂျပန်သတင်းအေဂျင်စီတစ်ခုက မေးခွန်းထုတ်ခဲ့ရာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးသံတမန် မစ္စနီလင်းဟေဇာ(Noeleen Heyzer)က ယခုလို ဖြေကြားခဲ့ပါသည်။

27 ပြည်တွင်းရှေ့ဆောင်အရေးပေါ်ကော်မတီမှ အမျိုးသမီးတစ်ဦးနှင့် အမေးအဖြေ၊ BNI-MPM

"မြန်မာနိုင်ငံမှာ ကြုံနေရတာက သိပ်ကိုကြီးမားတဲ့ လူသားစာနာမှု အကျပ်အတည်းဖြစ်ပါတယ်။ ကြုံနေရတဲ့ပြဿနာကလည်း ဘက်ပေါင်းစုံကပါ။ နိုင်ငံရေးအကျပ်အတည်း၊ လူ့အခွင့်အရေးအကျပ်အတည်း၊ လူသားချင်းစာနာမှုဆိုင်ရာအပြင် လူမှုစီးပွားအကျပ်အတည်းတွေကိုပါ ကြုံနေရပါတယ်။ ဒါကြောင့် အခုအချိန်မှာ ဘာလုပ်သင့်သလဲဆိုတော့ လူသားစာနာမှုအကူအညီလိုအပ်နေတဲ့ ပြည်သူတွေကို အထိရောက်ဆုံးနည်းလမ်းနဲ့ ကူညီဖြေရှင်းသွားနိုင်ဖို့ ဖြစ်ပါတယ်"။ [28]



မစ္စနိုလင်းဟေဇာ(Noeleen Heyzer)သည် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ခေါင်းဆောင်ပိုင်းများ၊ မြေပြင်ပြည်သူလူထုအထိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ လုပ်ဆောင်နေသည့်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)တို့နှင့်သီးခြားစီတွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်ဟုလည်း ဆိုပါသည်။

ယခုသုတေသနစာတမ်းတွင် အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုထံသို့ နိုင်ငံတကာ လူသားချင်းစာထောက်ထားမှုဆိုင်ရာ အကူအညီများ အမှန်တကယ်ရောက်ရှိနိုင်ရေးအတွက် နည်းလမ်းများကို သက်ဆိုင်ရာနယ်ပယ်အလိုက် လက်တွေ့လုပ်ဆောင်နေသူများထံ ချိတ်ဆက်မေးမြန်းခြင်းနှင့်ဖော်ပြထုတ်လုပ်ပြီးသားသတင်းအချက်အလက်များ၊ တွေ့ဆုံမေးမြန်းချက်များ၊ ကိန်းဂဏန်းအချက်အလက်များကို ရှာဖွေစုဆောင်းကာ အနီးစပ်ဆုံးအဖြေတစ်ခု ရရှိနိုင်ရန် ချဉ်းကပ်တင်ပြထားပါသည်။

28 Noeleen Heyzer, Special Envoy on the situation in Myanmar - Security Council Media Stakeout, 16 March 2023 http://rb.gy/m3vcc

## ● နည်းလမ်း (၁)

နိုင်ငံတကာအလှူရှင်အစိုးရများ ဖြစ်စေ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့၏ လက်အောက်ခံ အဖွဲ့အစည်းများကိုယ်တိုင်ဖြစ်စေ ၎င်းတို့၏ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းစဉ်များ၏ ရည်ရွယ်ချက်ကို ပြန်လည်သုံးသပ်ကြရန် နံပါတ်တစ် ဦးစားပေး အဖြစ် လုပ်ဆောင်ရမည်ဖြစ်သည်။ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို စီမံခန့်ခွဲဖြန့်ဝေရာတွင် ရည်ရွယ်ချက်သန့်သန့်ဖြင့် ကူညီဖို့လိုအပ်ကြောင်း ချင်းပြည်နယ် လူသားချင်းစာနာထောက်ထားရေးနှင့် ကယ်ဆယ်ရေးကော်မတီ ဥက္ကဋ္ဌဒေါက်တာဝိုင်းတမ်မောင်းက ထောက်ပြပါသည်။

အာဆီယံအပါအဝင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးလုပ်ငန်းစဉ်ကို ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်နှင့် ချိတ်ဆက်တွဲဖက်ကာ တစ်ချက်ခုတ်နှစ်ချက်ပြတ် ချဉ်းကပ်မှုပုံဖော်နေကြသည်ကို သတိပြုမိကြောင်းကို NUG ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန (MOHADM) ဒုတိယပြည်ထောင်စုဝန်ကြီးလည်းဖြစ်သူ ဒေါက်တာဝိုင်းတမ်မောင်းက ယခုလို ရှင်းပြပါသည်။

"Peace building က နိုင်ငံရေးနဲ့ သက်ဆိုင်နေတာ၊ Humanitarian နဲ့ ရောရောပြီးတော့ လုပ်တဲ့အခါကျတော့ သူတို့ရဲ့အကူအညီက ထိရောက်သင့်သလောက် မထိရောက်ဘဲနဲ့ တစ်ချက်ခုတ်နှစ်ချက်ပြတ် လုပ်ချင်တာရှိတယ်။ အဲလိုလုပ်ရင်းက တစ်ချက်မှ ထိထိရောက်ရောက် မဖြစ်တော့ဘဲနဲ့ Peace building လည်း မလုပ်နိုင်၊ Humanitarian Aid ကလည်း ရသင့်တဲ့နေရာတွေက မရနိုင်ဖြစ်နေတဲ့အခါကျတော့ ပြန်ပြီး သုံးသပ်စေချင်တယ်။ စေတနာသန့်သန့်နဲ့ Humanitarian Aid ရှုထောင့်ကနေပဲ Humanitarian Principle အတိုင်းပဲ လုပ်ဆောင်ပေးရင် ပိုကောင်းမယ်"။ [29]

ကရင်နီပြည် အတိုင်ပင်ခံကောင်စီ(KSCC) ၏ လူသားချင်းစာနာထောက်ထားမှုကော်မတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်ကတော့ နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား စီမံခန့်ခွဲလျက်ရှိသည့် အာဆီယံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ အနေဖြင့် အာဏာသိမ်းစစ်ကောင်စီနှင့်သာ ပူးပေါင်းဆောင်ရွက်နေသည့် ချဉ်းကပ်မှုမျိုးကို မဖြစ်မနေသုံးသပ်ရန်လိုကြောင်း ထောက်ပြပါသည်။

"ဒေသအသီးသီးမှာ ရှိနေတဲ့ stakeholder တွေရှိတယ်။ စိတ်ချရသော အရပ်ဖက်အဖွဲ့ စည်းတွေရှိတယ်။ အခု ပြည်နယ်မှာဆို အရပ်ဖက်အဖွဲ့အစည်းတွေက အခန်းကဏ္ဍက အရမ်းအရေးကြီးတယ်။ အနီးစပ်ဆုံးလူထုနဲ့ အတူနေတယ်။ ပြီးတော့ ကိုယ့်လူထုအတွက် အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေတဲ့ ယုံကြည်စိတ်ချရတဲ့ အရပ်ဖက်အဖွဲ့ စည်းတွေတော့ အများကြီးရှိပါတယ်။ ...

29 ချင်းပြည်နယ် လူသားချင်းစာနာထောက်ထားရေးနှင့် ကယ်ဆယ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဝိုင်းတမ်မောင်းနှင့် အမေးအဖြေ ၊ BNI-MPM

30 KSCC ၏ လူသားချင်းစာနာထောက်ထားမှုကော်မတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်နှင့်အမေးအဖြေ (BNI-MPM)

ချဉ်းကပ်မှုပုံစံက တဖက်တည်းမကြည့်ဘဲဘက်ပေါင်းစုံကြည့်ဖို့ လိုအပ်တယ်”ဟု ဦးဗညားခွန်အောင်က ရှုမြင်ပါသည်။[30] နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့များ အနေဖြင့် ၎င်းတို့၏ဝန်ထမ်းများ အလုပ်လက်မဲ့မဖြစ်ရေးကိစ္စ၊ ၎င်းတို့အဖွဲ့အစည်းများ မှတ်ပုံတင်နိုင်ရေးကိစ္စများနှင့်ပတ်သက်ပြီး စွန့်စားရမည်ကို ကြောက်ရွံ့နေကြခြင်းကြောင့် ဘက်မလိုက်ရေး၊ အားလုံး တူညီမျှတရေးဆိုသည့် စံနှုန်းများကို ချိုးဖောက်ကာ “သိသိကြီးနဲ့လုပ်နေကြတာ” ဟု ၎င်းက ဝေဖန်ပါသည်။ ဦးဗညားခွန်အောင်က ယခုလိုလည်း အကြံပြုထားပါသည်။

“သူတို့အနေနဲ့ မလုပ်နိုင်တော့ဘူးဆိုရင် တရားဝင်စာထုတ်ပြီးတော့ ထွက်သွားလိုက်ပါ။ အဲဒါ ကျွန်တော်တို့အတွက် အများကြီးအဆင်ပြေတယ်။ သူတို့မလုပ်နိုင်ဘူးဆိုရင် အခြားလုပ်နိုင်တဲ့အဖွဲ့ တွေနဲ့ ဆက်လုပ်မယ်။ ရှိတဲ့အရင်းအမြစ်နဲ့ ဆက်သွားမှာပဲ။ မဟုတ်ဘဲ သူတို့ကူညီပေးသလိုလိုနဲ့ ပေး တော့ တစ်လစာ၊ ပြောတော့ တစ်နှစ်စာဆိုရင် လူထုက ပိုနစ်နာတယ်။ လူထုရဲ့အချက်အလက်က စစ်ကောင်စီဆီ ပိုရောက်တယ်၊ အန္တရာယ်လည်းပိုရောက်စေတယ်။ မလုပ်နိုင်ရင် သတ္တိရှိရှိ ထွက်သွားပါ”။

ဆိုရသော် အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုထံသို့ နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အမှန်တကယ်ရောက်ရှိနိုင်ရေးအတွက် နည်းလမ်း(၁) အဖြစ် လူသားစာနာအကူအညီများ၏ ရည်ရွယ်ချက်နှင့် ချဉ်းကပ်လုပ်ဆောင်နေသည့် နည်းလမ်းများ ကို မဖြစ်မနေသုံးသပ်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ● နည်းလမ်း (၂)

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာ (Noeleen Heyzer) ကဲ့သို့ တွေ့ဆုံဆွေးနွေးမှုမျိုးကို လက်ရှိအာဏာသိမ်း စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အကြား တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့သော် လည်း အဆိုပါအဖွဲ့အစည်းများအနေဖြင့် ပွင့်လင်းမြင်သာစွာ တရားဝင်ထုတ်ပြန်နိုင်ခြင်း မရှိကြသေး ဟု ဆိုပါသည်။

“သူတို့ဘက်က အခက်အခဲ ဘာရှိလဲလို့ မေးရင် ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်း မပြောဘူး၊ ကျွန်တော်တို့ကို လာတွေ့တာတောင်မှ သတင်းထဲမထည့်ဘူး။ စစ်ကောင်စီကို ကြောက်နေကြတယ်။ နိုင်ငံတကာသည် လွတ်လွတ်လပ်လပ်နဲ့ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်တဲ့သူတွေကို ထောက်ပံ့ ဖို့ အခြေအနေမျိုးကို မရရှိသေးဘူး” ဟု MOHADM ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက NUG အား ချိတ်ဆက်လာသည့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အခြေအနေကို ပြောပြသည်။[31]

လက်ရှိ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများ အမှန်တကယ်ရောက်ရှိနိုင် ရေးအတွက် စီမံဆောင်ရွက်နေမှုကိုကြည့်ပါက နွေဦးတော်လှန်အင်အားစုများဘက်တွင် ကွန်ရက်

31 လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန (MOHADM) ပြည်ထောင်စုဝန်ကြီးနှင့် အမေးအဖြေ (BNI-MPM)

သဏ္ဍာန်ချိတ်ဆက်မှုပုံစံကို မြင်တွေ့ရပြီး "ပြည်သူမှ ပြည်သူ"သို့ ထောက်ပံ့ကူညီမှုများအား လူထုနှင့် အနီးကပ်ဆုံးရှိနေသည့် အရပ်ဖက်အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ CDM နိုင်ငံ့ဝန်ထမ်းများ၊ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအပြင် နယ်မြေဒေသအလိုက် လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် လူသားစာနာကူညီပေးရေးတာဝန်ခံများမှတဆင့် အကူအညီလိုအပ်နေသော ပြည်သူလူထုထံရောက်ရှိစေခြင်းကို ထောက်ရှုလျှင် အားလုံးအတူ ပူးပေါင်းဆောင်ရွက်ရသည့် အခြေအနေမျိုး ဖြစ်ပါသည်။

"NUG တစ်ခုတည်းလုပ်လို့မရဘူး။ တကယ်လိုအပ်တဲ့သူအများစုက တိုင်းရင်းသားအင်အားစုတွေရှိတဲ့နေရာမှာ ရှိနေတာဖြစ်တယ်၊ NUG/PDF ထိန်းချုပ်ထားတဲ့ ဒေသတွေမှာ ရောက်နေတာဖြစ်တဲ့အတွက်ကြောင့် လက်တွဲဆောင်ရွက်ဖို့ လိုအပ်တဲ့အကြောင်း နိုင်ငံတကာကို ပြောတာမျိုးတွေရှိတယ်"ဟု ဒေါက်တာဝင်းမြတ်အေးက ဆိုပါသည်။

မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသည် နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံး၏ စိုးရိမ်အဆင့်ကို ရောက်ရှိနေပြီဖြစ်သည့်အတွက် သက်ဆိုင်ရာနိုင်ငံများပေါင်းစည်းကာ အားလုံးပါဝင်သည့် လူသားချင်းစာနာကူညီမှုဖိုရမ် (Inclusive Humanitarian Forum – IHF) ပြုလုပ်နိုင်ရေးအတွက် လွန်ခဲ့သော တစ်နှစ်ကျော်ကတည်းကပင် NUG နှင့် ERO များ ပူးပေါင်းအဆိုပြုခဲ့ပါသည်။ မစ္စနိုလင်းဟေဇာ (Noeleen Hey zer)ကလည်း IHF အဆိုပြုမှုကို လက်ခံခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်စသည့် ဒေသတွင်းအဆင့်တွင်လည်းကောင်း၊ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂအထွေထွေညီလာခံတို့တွင်လည်း IHF အဆိုပြုမှုအား ဆက်လက်တွန်းအားပေးခဲ့သည့်အတွက် ကျယ်ပြန့်သည့် ထောက်ခံမှုရှိထားသည်ဟု ၂၀၂၃ ခုနှစ် မေ ၁၀ ရက်တွင် NUG ၊ KNU ၊ KNPP နှင့် CNF တို့က ပူးတွဲထုတ်ပြန်ခဲ့ပါသည်။


IHF သည် နိုင်ငံတကာ၏ပါဝင်မှု၊ အထူးသဖြင့် ကုလသမဂ္ဂ၏ပါဝင်မှုဖြင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများအား နယ်စပ်မှတဆင့် ဖြတ်ကျော်ကာ တရားဝင်ထောက်ပံ့ကူညီနိုင်ရေးအတွက် ဒီဇိုင်းပြုလုပ်ထားခြင်းဖြစ်ကြောင်း KNPP ၏ နိုင်ငံတကာနှင့် မဟာမိတ်ရေးရာကော်မတီအဖွဲ့ဝင် နဲနယ်ပလိုးက ရှင်းပြသည်။

"လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်တဲ့ နယ်မြေမှာရှိတဲ့ ERO တွေကနေ ချိတ်ဆက်ပြီးသား ယန္တရားတခုပေါ် ပေါက်လာမယ့် အနေအထားမျိုးပေါ့။ အဲဒီလိုရည်ရွယ်ချက်နဲ့ အစကတည်းကနေ စပြီးတော့ လိုအပ်မှုရှိတဲ့နယ်မြေတွေမှ ERO တွေ၊ NUG ၊ ကုလသမဂ္ဂယန္တရားတွေ အနေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေ လုပ်နေကြပြီ"ဟု နဲနယ်ပလိုးက ဆိုပါသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၏ အရေးပေါ် ကယ်ဆယ်ရေး ဆက်စပ်ဆောင်ရွက်မှုအဖွဲ့(CTER) ညှိနှိုင်းရေးမှူးလည်းဖြစ်သူ နဲနယ်ပလိုး၏ ရှင်းပြချက်အရ IHF အနေဖြင့် နယ်စပ်ဖြတ်ကျော်အကူအညီပေးနိုင်ရေးကို အဓိကပစ်မှတ်ထားဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များ ၏ ထိန်းချုပ်ဒေသအတွင်းရှိ CSO ၊ CBO များနှင့် ချိတ်ဆက်ခြင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများ စိုးမိုးထိန်းချုပ်ရာနယ်မြေများအတွင်းရှိ CSO ၊ CBO များနှင့် ချိတ်ဆက်ခြင်းတို့ဖြင့် အမှန်တကယ်အကူအညီ

လိုအပ်နေသောပြည်သူလူထုထံ လူသားစာနာအကူအညီများ ရောက်ရှိနိုင်ရေးရည်ရွယ်ထားသည်ကို တွေ့ရသည်။ အာဆီယံလူသားချင်းစာနာမှုကူညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးစင်တာ (AHA Center) အနေဖြင့် လက်ရှိသွားနေသည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများကဲ့သို့ အာဏာသိမ်းစစ်ကောင်စီမှတဆင့် ချဉ်းကပ်လုပ်ဆောင်လိုပါကလည်း IHF အစီအစဉ်တွင် ကန့်သတ်တားမြစ်ထားခြင်း မရှိဟု ဆိုရပါမည်။ သို့သော် IHF အစီအစဉ်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ အခန်းကဏ္ဍနှင့် ပတ်သတ်ပြီး နဲနယ်ပလိုးက ယခုလိုရှင်းလင်းပြောဆိုထားပါသည်။

"IHF မှာ စစ်ကောင်စီရဲ့ အခန်းကဏ္ဍကို ထည့်သွင်းပြီး စဉ်းစားတာမျိုး မရှိဘူး။ အကယ်၍ လိုမယ်ဆိုရင် Huma nitarian လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် အပစ်အခတ်ရပ်စဲရမယ်ဆိုရင်တော့ အဖွဲ့အစည်းတစ်ခုကနေ ညှိနှိုင်းရတာမျိုးတွေ ရှိမှာပေါ့နော်။ ဆုံးဖြတ်ချက်ချတဲ့အပိုင်းတွေ၊ သယ်ယူပို့ဆောင်ရေးအပိုင်းတွေ၊ လုံခြုံရေးပေးတဲ့အပိုင်းမျိုးတွေမှာဆိုရင် စစ်ကောင်စီရဲ့ အခန်းကဏ္ဍတစ်ခုမှ မပါဝင်ဘူး"။ [32]




ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအလှူရှင်အစိုးရများအနေဖြင့်လည်း အားလုံးပါဝင်သည့် လူသားစာနာကူညီမှုဖိုရမ် (IHF) မှ ပြည်သူလူထုထံ အကူအညီပေးနိုင်ရေး ဖြစ်တန်ချေစီးဆင်းမှုပုံစံတွင် အာဏာသိမ်းစစ်ကောင်စီကို ထည့်သွင်းစဉ်းစားပါက မလိုလားအပ်သည့် ရှုပ်ထွေးမှုများဖြစ်ပေါ်လာနိုင်ကြောင်း သတိပြုဆင်ခြင်သင့်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးဝေရာတွင် လိုအပ်လာပါက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် ဆွေးနွေးရန်နှင့် လေ့လာစောင့်ကြည့်ရန်အတွက် တတိယအဖွဲ့တစ်ခုမှ

32 KNPP အရေးပေါ်ကယ်ဆယ်ရေး ဆက်စပ်ဆောင်ရွက်မှုအဖွဲ့ (CTER) ညှိနှိုင်းရေးမှူး နဲနယ်ပလိုးနှင့် အမေးအဖြေ (BNI-MPM)

ပါဝင်လုပ်ဆောင်ပေးရန် လိုအပ်ကြောင်းကိုလည်း ၂၀၂၂ ခုနှစ် မေလ ၂၂ရက်ကတည်းက NUG နှင့် ERO များ ပူးတွဲကြေညာချက်က ထောက်ပြထားပါသည်။

KSCC ၏ လူသားချင်းစာနာထောက်ထားမှုကော်မတီပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်ကတော့ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် ဒေသအခြေအနေလိုက် လေ့လာတွက်ချက်ပြီး Humanitarian ceasefire ကြေညာကာ အမှန်တကယ်အကူအညီလိုအပ်နေသော ပြည်သူလူထုအတွက် ပြတ်ပြတ်သားသား ဝင်ရောက်ကူညီရန် လိုအပ်လာပြီဟု ဆိုပါသည်။

"ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီးတော့မှ ဖြစ်နိုင်ခြေရှိတဲ့ Humanitarian ceasefire calling ကို မာမာထန်ထန်လုပ်မယ်ဆိုရင်တော့ အခုသူတို့ပေးနေတဲ့ မစို့မပို့ထက် အကျိုးရှိလိမ့်မယ်။ လူထုလိုအပ်ချက်ရရှိနိုင်လိမ့်မယ်မြင်တယ်။ Humanitarian ceasefire ကို ငြင်းပယ်တဲ့သူဟာလည်း လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှုကို ကျူးလွန်တယ်လို့ဆိုလို့ရတယ်"။ [33]

၂၀၂၃ ခုနှစ် မတ်လ ၂၇ ရက်ထုတ်၊ ကရင်အမျိုးသားအစည်းအရုံး(KNU) လူ့အခွင့်အရေးကော်မတီနှင့် သုတေသနမှတ်တမ်းဌာနခွဲ၏ အစီရင်ခံစာတွင်လည်း အာဏာသိမ်းစစ်ကောင်စီ၏ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှ ကာကွယ်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပံ့ပိုးနိုင်ရန်အတွက် အောက်ပါအချက် (၃)ချက်ကို တိုက်တွန်းတောင်းဆိုထားပါသည်။

"မြန်မာနိုင်ငံတွင် စစ်ရေးအရ လေယာဉ်မပျံသန်းရဇုန်ကို ကြေညာ၍ လိုက်နာမှုရှိစေရန် နိုင်ငံတကာမှ တာဝန်ယူစောင့်ကြပ်ပေးရန်၊ နိုင်ငံတကာအာမခံမှုဖြင့် အရပ်သားပြည်သူများ အကာအကွယ်ပေးအပ်သည့် လုံခြုံသော နေရာများ(Internationally guaranteed protection of civilian safe zones)အဖြစ် နေထိုင်နိုင်ရန်နှင့် ထောက်ပံ့ပေးရန်လိုအပ်သည့် ကျေးရွာများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူစစ်ဘေးရှောင်(IDPs)စခန်းများ၊ ဆေးရုံများ၊ ဆေးခန်းများနှင့် စာသင်ကျောင်းကဲ့သို့သော နေရာများကို တိတိကျကျသတ်မှတ်ကြေညာပေးရန်၊ နိုင်ငံတကာအတိုင်းအတာဖြင့် ညှိနှိုင်းထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စင်္ကြံများ(Negotiated humanitarian corridors) ကို ကြေညာရန်"ဟူ၍။ [34]

ဆိုရသော် အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုထံသို့ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အမှန်တကယ်ရောက်ရှိနိုင်ရေးအတွက် နည်းလမ်း(၂) အဖြစ် ပြည်သူလူထုအားကိုယ်စားပြုသော NUG ၊ EROs အပါအဝင် ခေါင်းဆောင်လှုပ်ရှားအင်အားစုများနှင့် တရားဝင်လူသိရှင်ကြား တွေ့ဆုံဆွေးနွေးကာ အားလုံးပါဝင်သည့် လူသားချင်းစာနာမှုအကူအညီပေးရေးဖိုရမ်(IHF)ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးကို လက်တွေ့ကျသော နည်းလမ်းတစ်ခုအဖြစ် မြင်တွေ့ရပါသည်။ ထို့အပြင် နယ်မြေဒေသအလိုက် Humanitarian ceasefire ကြေညာကာ ပြည်သူလူထုအတွက် အကူအညီပေးနိုင်ရေးနှင့် အရပ်သားပြည်သူများအား အကာ

33 KSCC ၏ လူသားချင်းစာနာထောက်ထားမှုကော်မတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်နှင့်အမေးအဖြေ (BNI-MPM)

34 "မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများကြောင့် ရှင်သန်မှုပျောက်ဆုံးသွားသော ဘဝများ"အစီရင်ခံစာ၊ (စာမျက်နှာ ၈၄-၈၅)၊ ၂၇ ရက် မတ် ၂၀၂၃

အကွယ်ပေးနိုင်မည့် Safe Zone များကြေညာခြင်းနှင့် လေယာဉ်မပျံသန်းရဇုန်များ ကြေညာကာ စောင့်ကြပ်ပေးခြင်းတို့သည်လည်း ဖြစ်တန်ချေရှိသော နည်းလမ်းများအဖြစ် ရှုမြင်မိပါသည်။

## ● နည်းလမ်း (၃)

အထက်ဖော်ပြပါ နည်းလမ်း (၁)နှင့် နည်းလမ်း (၂) ကို အခြေခံလေ့လာကြည့်ပါက အာဆီယံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့စီမံခန့်ခွဲလျက်ရှိသော နိုင်ငံတကာ အစိုးရများမှ ထည့်ဝင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အမှန်တကယ် လိုအပ်နေသော မြန်မာပြည်သူလူထုထံရောက်ရှိရေးအတွက် နယ်စပ်ဖြတ်ကျော် အကူအညီပေးရေး (Cross Border Assistance) အစီအစဉ်ကို မဖြစ်မနေလုပ်ဆောင်ရတော့မည့် အခြေအနေမျိုးဟု ဆိုနိုင်ပါသည်။

မြောက်ဘက်တွင် တရုတ်၊ အရှေ့ဘက်တွင် လာအို၊ အရှေ့တောင်ဘက်တွင် ထိုင်း၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နှင့် အနောက်မြောက်ဘက်တွင် အိန္ဒိယတို့သည် မြန်မာနိုင်ငံနှင့် နယ်မြေချင်း ကပ်လျက်တည်ရှိကြသည်။ လွတ်လပ်ရေးရပြီးခေတ် မြန်မာနိုင်ငံကို တပ်မတော်အမည်ခံ စစ်အုပ်စုကသာ နှစ်ပေါင်း ၆၀ နီးပါး အုပ်ချုပ်ခဲ့သည့်အတွက် ဆိုခဲ့ပါအိမ်နီးချင်းနိုင်ငံများသည် မြန်မာပြည်သူလူထုထက်ပင် တပ်မတော်အမည်ခံ စစ်အုပ်စုနှင့်သာ ပိုမိုအလွမ်းသင့်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ သယံဇာတပေါကြွယ်ဝသောမြန်မာနိုင်ငံမှ ၎င်းတို့၏အကျိုးစီးပွားကိုသာ တွက်ချက်ဖွေရှာပြီး တပ်မတော်အမည်ခံ စစ်အုပ်စုနှင့် အိမ်နီးချင်းအစိုးရများအကြား ဆက်ဆံရေးသည် ခိုင်မာအားကောင်းနေခဲ့သည်မှာ အချိန်ကာလအားဖြင့် ကြာမြင့်ခဲ့ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းကာလအတွင်းတွင်မူ မြန်မာပြည်သူလူထုတရပ်လုံး၏ အာဏာသိမ်းစစ်အုပ်စုအပေါ် ဆန့်ကျင်ဆန္ဒဖော်ထုတ်မှုများ၊ ခုခံတော်လှန်ရေးလုပ်ရှားမှုများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးဖယ်ကြဉ်မှုများအကြားတွင် စစ်အုပ်စုနှင့် အလွမ်းသင့်သော အိမ်နီးချင်းအစိုးရများအတွက်ခက်ခဲကျပ်တည်းစွာ ပြုမူဆောင်ရွက်နေကြရသည်ကို တွေ့ရပါသည်။ အာဏာသိမ်းစစ်အုပ်စုလက်မှ ရုန်းထွက်နိုင်ရေးကြိုးပမ်းလျက်ရှိသော မြန်မာပြည်သူလူထုဘက်မှ ရဲတင်းပြတ်သားစွာ ရပ်တည်နိုင်ခြင်းမရှိသကဲ့သို့ အာဏာသိမ်းစစ်အုပ်စုဘက်တွင်လည်း လုံးဝဥဿုံရပ်တည်နေခြင်းမျိုးလည်း မလုပ်ဆောင်နိုင်သည်ကို တွေ့ရပါသည်။ သို့သော် မြန်မာပြည်သူလူထု၏ နွေဦးတော်လှန်ရေးအတွက်မူ အာဏာသိမ်းစစ်အုပ်စုနှင့်ပတ်သက်သော အိမ်နီးချင်းအစိုးရများ၏ ရပ်တည်ချက်သည် မေးခွန်းပေါင်းများစွာ ဖြစ်တည်လျက်ရှိပေသည်။

မြန်မာနိုင်ငံ စစ်အာဏာသိမ်းကာလအတွင်း တရုတ်အစိုးရသည် အာဏာသိမ်းစစ်အုပ်စုနှင့်သာ ထိတွေ့ဆက်ဆံမှုများ သိသာထင်ရှားစွာပြုလုပ်ခဲ့ပြီး စစ်အာဏာသိမ်းမှုဆန့်ကျင်သော နွေဦးတော်လှန်ရေးအင်အားစုများ အထူးသဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)တို့ကဲ့သို့ သော အင်အားစုများကို လုံးဝဖယ်ကြဉ်ထားဆဲ ဖြစ်ပါသည်။ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် တွက်ချက်ဖွေရှာကာ လုပ်၍ရနိုင်သမျှသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အာဏာသိမ်းစစ်အုပ်စုနှင့် အပေါင်းအပါ စီးပွားရေးလုပ်ငန်းရှင်များကိုသာ ချဉ်းကပ်

ဆက်ဆံလျက်ရှိပြီး စစ်အာဏာသိမ်းမှုအောက်မှ ရုန်းထနေကြသော မြန်မာပြည်သူလူထု၏ ဟစ်ကြွေးတောင်းဆိုသံများကိုမူ တရုတ်အစိုးရက လစ်လျူရှုထားသည်ဟု ဆိုနိုင်ပါသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံကမူ တရုတ်နှင့် အမေရိကန်အစိုးရတို့၏ ဖိအားချိန်ခွင်လျှာကို ချိန်ညှိကာ ၎င်းတို့နိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများအပေါ် ကိုင်တွယ်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ထိုင်းအစိုးရကသာ စိတ်ရင်းစေတနာအမှန်ဖြင့် ချဉ်းကပ်စီမံဆောင်ရွက်ပါက ထိုင်းနိုင်ငံအတွင်းရှိ မြန်မာစစ်ဘေးရှောင်ပြည်သူများနှင့် ထွက်ပြေးတိမ်းရှောင်ရင်း တရားမဝင် ဝင်ရောက်လာခဲ့ရသူ မြန်မာနိုင်ငံသားများအတွက် ယခုကဲ့သို့ ဒုက္ခပင်လယ်ဝေလိမ့်မည်မဟုတ်ပေ။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် မြန်မာအာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အခါအခွင့်သင့်တိုင်း ရှုတ်ချပြစ်တင်လေ့ရှိသော်လည်း ၎င်းတို့နိုင်ငံအတွင်းရောက်ရှိနေသော ရိုဟင်ဂျာဒုက္ခသည်များအား မြန်မာနိုင်ငံအတွင်း ပြန်လည်ပေးပို့နိုင်ရေးသည်သာ ဦးစားပေးချဉ်းကပ်လျက်ရှိပြီး မြန်မာ့နွေဦးတော်လှန်ရေးအတွက်မူ စိတ်ပါဝင်စားမှုနည်းပါးသည်ဟု ရှုမြင်နိုင်ပါသည်။

အလားတူ အိန္ဒိယအစိုးရသည်လည်း မြန်မာ့နွေဦးတော်လှန်ရေးနှင့် စစ်အာဏာသိမ်းမှုအောက်မှ ရုန်းထနေကြသော မြန်မာပြည်သူလူထု၏ အရေးအပေါ် တစုံတရာစိတ်ပါဝင်စားသည်ကို မတွေ့ရဘဲ အိန္ဒိယနိုင်ငံ၏ နယ်စပ်လုံခြုံရေးကိစ္စနှင့် မြန်မာနိုင်ငံအတွင်းမှ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုသာ မျက်စိကျနေဆဲဖြစ်သည်။ တစ်ဖက်တွင်လည်း မြန်မာအာဏာသိမ်းစစ်အုပ်စုအပေါ် ဩဇာပြောင်းနိုင်ရေးအတွက် တရုတ်အစိုးရ၏ ခြေလှမ်းများကို အိန္ဒိယဗဟိုအစိုးရက အကဲခတ် ချဉ်းကပ်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။

ဆိုရသော် သုံးခုမြောက်နည်းလမ်းဖြစ်သည့် နိုင်ငံတကာ လူသားချင်းစာထောက်ထားမှု အကူအညီများ အမှန်တကယ်ရောက်ရှိနိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော်ထောက်ကူနိုင်ရေးနည်းလမ်းသည် အရေးပါသည့်ရွေးချယ်မှုတခုဖြစ်သော်လည်း တရုတ်၊ ထိုင်းနှင့် အိန္ဒိယစသော အိမ်နီးချင်းနိုင်ငံများ၏ စိတ်ရင်းစေတနာနှင့် ဂရုဏာတရားအပေါ် များစွာမူတည်နေပါသည်။ သန်းနှင့်ချီသော အကူအညီလိုအပ်နေသူများထံ လူသားစာနာအကူအညီများရောက်ရှိနိုင်ရေးအတွက် NUG ၊ EROs နှင့် နွေဦးတော်လှန်ရေးအင်အားစုများအပြင် အာဆီယံ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများ၏ ဝိုင်းဝန်းတိုက်တွန်းမှုများ၊ ဖိအားပေးချဉ်းကပ်မှုများကို အစဉ်တစိုက်လုပ်ဆောင်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း သုံးသပ်ရပါသည်။

## Cross-Border assistance အတွက် ချဉ်းကပ်ရမည့် အိမ်နီးချင်း

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာ(Noe leen Heyzer) သည် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ် စသည့် နိုင်ငံလေးခုစလုံးဖြင့် အသေအချာ ဆွေးနွေးပြီးသွားပြီ

ဖြစ်ကြောင်း NUG ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန (MOHADM) ပြည်ထောင်စုဝန်ကြီးက ပြောပါသည်။

"Cross-Border assistance က အိမ်နီးချင်းနိုင်ငံတွေရဲ့ ပါဝင်မှုကတော့ အရေးကြီးဆုံးပဲ" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆိုပါသည်။ [35]

အိမ်နီးချင်းနိုင်ငံများအနေဖြင့် လက်ရှိမြန်မာအာဏာသိမ်းစစ်အုပ်စုတည်ရှိနေခြင်းသည် မြန်မာပြည်သူလူထုအတွက် စိတ်ချမ်းသာမှုဖြစ်စေသလား၊ အာဏာသိမ်းစစ်အုပ်စုထံတွင် လူသားချင်းစာနာထောက်ထားသည့် စိတ်ရင်းအမှန်ကို မြင်တွေ့ရသလား၊ အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့(တရုတ်၊ အိန္ဒိယ)၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများနှင့် အကျိုးစီးပွားများအတွက် လုံခြုံမှုရှိပါသလား စသည့် မေးခွန်းများစွာကို ပြန်လည်ဆန်းစစ်သင့်ပြီး နယ်စပ်ဖြတ်ကျော် အကူအညီပေးရေးအစီအစဉ်သည် အကြမ်းဖက်မှုများ ရပ်တန့်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် များစွာအထောက်အကူပြုနိုင်သည့် "တစ်ချက်ခုတ်နှစ်ချက်ပြတ်" အစီအစဉ်ဖြစ်ကြောင်း ဒေါက်တာဝင်းမြတ်အေးက ယခုလို ထောက်ပြထားပါသည်။

"ပထမအချက်အနေနဲ့ လူသားချင်းစာနာမှုဆိုင်ရာအကူအညီတွေရရှိသွားမယ်၊ အကြမ်းဖက်မှုတွေရပ်တန့်သွားမယ်။ တည်ငြိမ်အေးချမ်းသွားရင် အိမ်နီးချင်းနိုင်ငံတွေရဲ့ လက်ရှိစီးပွားရေးစီမံချက်တွေကလည်း အဟန့်အတား အနှောက်အယှက်မဖြစ်တော့ဘူး၊ အကျိုးကျေးဇူးတွေ အများကြီးရလာမယ်။ စစ်ကောင်စီတည်ရှိနေခြင်းသည် အိမ်နီးချင်းနိုင်ငံတွေအတွက် အကျိုးရှိသလား၊ မရှိဘူးလားဆိုတာ ပြန်လည်သုံးသပ်ပြီး ဘယ်လိုအခြေအနေမျိုးကမှ အကျိုးပြုနိုင်လဲဆိုတာကို ပြန်လည်စဉ်းစားမိတယ်ဆိုရင် Cross-Border assistance ရရှိရေးမှာ အင်တိုက်အားတိုက် ပါဝင်ပေးမယ်ဆိုရင် အောင်မြင်မှာပါ"။

နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား Cross-Border assistance အနေဖြင့် ပြည်သူလူထုထံ စီးဆင်းစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၏ အရေးပါမှုကြီးမားသော်လည်း မဖြစ်မနေချဉ်းကပ်ဆောင်ရွက်ရမည့် အိမ်နီးချင်းနိုင်ငံအဖြစ် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံကို သတိပြုမိပါသည်။ မြန်မာနိုင်ငံ၏ အရှေ့တောင်တခြမ်းလုံးသည် ပထဝီဝင်အနေအထားအရ မိုင်ပေါင်း ၁၅၀၀ ကျော်အထိ နယ်နမိတ်ထိစပ်မှုရှိသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်၊ ကရင်နီပြည်(ကယားပြည်နယ်)၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်းရှိ အကူအညီလိုအပ်နေသော ပြည်သူများအထိ ဆန့်ထုတ်ဖြန့်နိုင်ပါသည်။

"ထိုင်းအစိုးရကို ဖိအားပေးလို့ရတယ်လို့ ကျွန်တော်မြင်တယ်။ ယူအန်အေဂျင်စီတွေက ထိုင်းနိုင်ငံအစိုးရကို ပုံမှန်ချိတ်ဆက်ပြောဆိုမယ်ဆိုရင် ဖြစ်နိုင်ခြေအများကြီးရှိတယ်"ဟု KSCC ၏ လူသားချင်း စာနာထောက်ထားမှုကော်မတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်က ရှုမြင်ပါသည်။ [36]

35 လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန (MOHADM) ပြည်ထောင်စုဝန်ကြီးနှင့် အမေးအဖြေ (BNI-MPM)

36 KSCC ၏ လူသားချင်းစာနာထောက်ထားမှုကော်မတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်နှင့် အမေးအဖြေ (BNI-MPM)

ကရင်ပြည်နယ်အတွင်း သောင်ရင်းမြစ်ကမ်းတလျှောက် သောင်းနှင့်ချီသည့် စစ်ဘေးရှောင်ပြည်သူများအတွက် လစဉ်စားနပ်ရိက္ခာအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ဖြန့်ကြပ်ပေးပို့နေသည့် ပြည်တွင်းရှေ့ဆောင်အရေးပေါ်ကော်မတီမှ အမည်မဖော်လိုသူ အမျိုးသမီးတစ်ဦးကလည်း ထိုင်းအစိုးရ၏ တရားဝင်ခွင့်ပြုချက်သည် အလွန်အရေးကြီးသည်ဟု ဆိုပါသည်။

"ထိုင်းဘက်က နယ်စပ်ဖြတ်ကျော်က အရေးပါတယ်။ ဒါပေမယ့် တရားဝင်သွားရတာမဟုတ်ဘူး။ ထိုင်းရွာတွေကတဆင့် သွားရတာ။ တော်တော်တော့ပြဿနာရှိတယ်။ ဖမ်းခံထိတာမျိုးထက် ပစ္စည်းတွေ ပြန်သယ်သွားခိုင်းတာမျိုး ကြုံရတယ်။ အထူးသဖြင့် မြို့နယ်ရုံးခွင့်ပြုချက်လိုတယ်"ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကိုအခြေပြုကာ အဆိုပါအမည်မဖော်လိုသူ အမျိုးသမီးက ပြောပါသည်။[37]

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်တွင် ကျင်းပပြုလုပ်သော ထိုင်းနိုင်ငံရွေးကောက်ပွဲအတွင်း နေရာအများဆုံးအနိုင်ရရှိခဲ့သည့် Move Forward Party ခေါင်းဆောင်ဗီထာလင်ဂျာရွန်ရတ် (Pita Limjaroenrat)က ရွေးကောက်ပွဲအပြီး မေလ ၁၅ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မြန်မာ့အရေးနှင့်ပတ်သက်ပြီး "လူသားချင်းစာနာတဲ့ အကူအညီပေးရေး ထိုင်း-မြန်မာနယ်စပ် စင်္ကြံလမ်းကို ဆောင်ရွက်သွားမယ်။ မြန်မာ့အရေးအတွက် အမေရိကန်နိုင်ငံရဲ့ Burma Act အကောင်အထည်ဖော်နိုင်ရေးကို နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းသွားမယ်" ဟု ပြောဆိုခဲ့ပါသည်။ [38]

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အတွင်း အရပ်ဖက်အဖွဲ့အစည်း (၁၅)ဖွဲ့ဖြင့် စုဖွဲ့ထားသည့် NGO United Democratic in Burma အဖွဲ့ ဥက္ကဋ္ဌ ဦးရော်မာကတော့ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများ မြန်မာပြည်သူလူထုထံ အမှန်တကယ်ရောက်ရှိနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် အိန္ဒိယဗဟိုအစိုးရထံ ချဉ်းကပ်ညှိနှိုင်းသင့်ကြောင်း အကြံပြုပါသည်။

"ဗဟိုအာဏာက သိပ်ပြင်းတယ်၊ ပြည်နယ်ကဘာမှလုပ်လို့ မရဘူး။ နိုင်ငံတကာနဲ့ ပြည်ပရေးရာမှန်သမျှဟာ ပြည်နယ်အစိုးရကလုပ်ပိုင်ခွင့်မရှိဘူး။ ... ပြည်နယ်အစိုးရကတော့ လူသားချင်းစာနာမှုနဲ့ ကိုယ့်အမျိုးတွေပဲဆိုပြီးတော့ ပေခံပြီးလက်ခံထားတာကလွဲလို့ လုပ်ပိုင်ခွင့်အာဏာမရှိဘူး။ ဗဟိုအစိုးရကို ညှိလို့ရရင်တော့ အားလုံး အဆင်ပြေတယ်"။ [39]


ဦးရော်မာ၏ ရှုမြင်ချက်အရတော့ အိန္ဒိယနိုင်ငံသည် ယခုနှစ်(၂၀၂၃) နိုဝင်ဘာလလယ်အထိ G20 ဥက္ကဋ္ဌတာဝန်ယူရသည့်အချက်နှင့် နိုင်ငံရေးအရ ကြွေးကြော်ထားသည့်အခြေခံဖွဲ့စည်းပုံကြေညာစာတမ်းတွင် "India - The Mother of Democracy" ဆိုသည့် ဆောင်ပုဒ်ကို ကိုင်ဆွဲထားသည့် အချက်တို့ကြောင့် ယခုနှစ်အတွင်း NUG အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများနှင့် မြန်မာပြည်သူလူထုအား လူသားစာနာထောက်ကူလိုသော နိုင်ငံတကာအစိုးရများအနေဖြင့် အိန္ဒိယဗဟို

37 ပြည်တွင်းရှေ့ဆောင်အရေးပေါ်ကော်မတီမှ အမျိုးသမီးတစ်ဦးနှင့် အမေးအဖြေ၊ BNI-MPM

38 Move Forward Party ခေါင်းဆောင် ဗီထာ လင်ဂျာရွန်ရတ် (Pita Limjaroenrat) ၏ မေလ ၁၅ ရက် သတင်းစာရှင်းလင်းပွဲ http://rb.gy/4fc8x

39 မီဇိုရမ်ပြည်နယ် NGO United Democratic and Burma ဥက္ကဋ္ဌ ဦးရော်မာနှင့် အမေးအဖြေ (BNI-MPM)

အစိုးရထံ ချဉ်းကပ်ညှိနှိုင်းရန် အချိန်အခါကောင်းဖြစ်သည်ဟု ဆိုပါသည်။ "ဒီနှစ်ချက်ကို ကြည့်ရင် အိန္ဒိယဟာ ဒီနှစ်အတွက် ချဉ်းကပ်ဖို့အကောင်းဆုံးနှစ်လို့ ကျွန်တော်မြင်တယ်။ အိန္ဒိယအနေနဲ့ လူသားချင်းစာနာမှုဆိုင်ရာနဲ့ပတ်သတ်ပြီး မူဝါဒကို ပျော့ပျော့ပဲကိုင်မယ့်နှစ်လို့ ကျွန်တော်မြင်တယ်"။



လက်ရှိနွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်နှင့်အတူ ချင်းပြည်နယ်အတွင်း နယ်မြေအားလုံး၏ ၈၀ ရာခိုင်နှုန်းအထိ ထိန်းချုပ်ထားနိုင်သည့် အနေအထားကြောင့် အိန္ဒိယ ဗဟိုအစိုးရကသာ စိတ်ရင်းစေတနာအမှန်ဖြင့် နယ်စပ်ဖြတ်ကျော်အကူအညီပေးရေးအစီအစဉ်အား အားတက်သရော ခွင့်ပြုပေးပါက သက်ဆိုင်ရာ မြို့နယ်ဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ နယ်မြေ ထိန်းချုပ်ထားသောဒေသဆိုင်ရာ အုပ်ချုပ်ရေးအစုအဖွဲ့များနှင့် ချိတ်ဆက်ကာ ချင်းပြည်နယ်မှ မကွေးနှင့် စစ်ကိုင်းတိုင်းအတွင်း နစ်ရက်မျှသော အချိန်တိုအတွင်း လူသားချင်းစာနာထောက်မှု အကူအညီများရောက်ရှိရန် လုပ်ဆောင်နိုင်ကြောင်း ဦးရော်မာက ဆိုပါသည်။

၂၀၁၃ ခုနှစ် မိုးရာသီကာလ မြေပြိုမှုများကြောင့် နီပွန်ဖောင်ဒေးရှင်းမှ ထောက်ပံ့သော ရူပီးငွေ ၅၃ သိန်းကို စီမံခန့်ခွဲခဲ့ဖူးသည့် NGO United Democratic in Burma အဖွဲ့ ဉက္ကဋ္ဌ ဦးရော်မာက “ဗမာပြည် ပြည်မကနေ ထောက်ပံ့လို့မရသောနေရာတွေကို နစ်ပတ်အတွင်းကျွန်တော်တို့ထောက်ပံ့တာ အားလုံးပြီးသွားတယ်။ အဲဒီ Project ကို ကျွန်တော်တို့က Cross-Border Assistance လို့ ခေါ်လိုက်တယ်။ အခုထိလည်း ဆောင်ရွက်လို့ ရပါတယ်”ဟု ရှင်းပြသည်။ [40]

မြန်မာနိုင်ငံနှင့် နယ်နမိတ်ထိစပ်မှု အရှည် မိုင် ၁၀၀၀နီးပါးရှိသည့် အိန္ဒိယနိုင်ငံအတွင်း မီဇိုရမ်၊ မဏိပူ၊ နာဂလန်းနှင့် အရုဏာချေပရာဒက် အမည်ရှိ ပြည်နယ်များနှင့် မြန်မာနိုင်ငံအတွင်းရှိ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်အထိ နယ်နမိတ်ချင်းထိစပ်မှုများ ရှိနေပါသည်။ နွေဦးတော်လှန်ရေးကာလအတွင်း မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ်သည် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းမှ နေရပ်စွန့်ခွာထွက်ပြေးလာသည့် မြန်မာနိုင်ငံသားများအား စောင့်ရှောက်ကာကွယ်ပေးထားသည်ကို တွေ့ရသည်။

ဆိုရသော် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေသည့် သန်းနှင့်ချီသော ပြည်သူလူထုအတွက် Cross-Border assistance အစီအစဉ်တွင် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ စသည့် နိုင်ငံများအားလုံးသည် အရေးပါသည့်အခန်းကဏ္ဍတွင် ရှိသော်လည်း ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် အလေးထားချဉ်းကပ်ရမည့် နိုင်ငံများအဖြစ် ပေါ်လွင်နေကြောင်း ရှုမြင်မိပါသည်။

## ခြုံငုံသုံးသပ်ချက်

၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် ပြည်တွင်းစစ်အပြန့်ကျယ်လာမှုနှင့်အတူ နိုင်ငံတဝှမ်းလုံးတွင် စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် အရပ်သားပြည်သူပေါင်း ၁ ဒသမ ၅ သန်းကျော်အထိ ရှိလာခဲ့ပြီဖြစ်သည်။ ထိုအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်မှုကို လေ့လာကြည့်ပါက “ပြည်သူမှ ပြည်သူ” မြန်မာပြည်သူအချင်းချင်း ထောက်ကူပံ့ပိုးနေမှုနှင့် နိုင်ငံတကာအစိုးရ များထံမှ ထည့်ဝင်လှူဒါန်းသော လူသားစာနာအကူအညီများဟူ၍ နစ်ပိုင်း တွေ့ရှိရပါသည်။

---

40 မီဇိုရမ်ပြည်နယ် NGO United Democratic and Burma ဉက္ကဋ္ဌ ဦးရော်မာနှင့် အမေးအဖြေ (BNI-MPM)

"ပြည်သူမှ ပြည်သူ" ထောက်ကူပံ့ပိုးနိုင်မှုသည် အာဏာသိမ်းစစ်အုပ်စု၏ ဆန့်ကျင်တော်လှန်နေကြသော နွေဦးတော်လှန်ရေးအင်အားစုများဘက်မှတဆင့် အမှန်တကယ်အကူအညီလိုအပ်နေသော ပြည်သူလူထုထံသို့ တိုက်ရိုက်စီးဆင်းခြင်းဖြစ်ပြီး အများစုသည် အရေးပေါ်အကူအညီများ ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် "ပြည်သူမှပြည်သူ"သို့ ထောက်ကူပံ့ပိုးနိုင်မှုသည် တစ်ရက်၊ တစ်ပတ်၊ တစ်လအတွက် အစီအစဉ်ချမှတ်စီမံနိုင်သည့် အနေအထားတွင် ရှိသော်လည်း ရံပုံငွေ ရရှိနိုင်မှုအကန့်အသတ်ကြောင့် နှစ်အလိုက် ထောက်ကူပံ့ပိုးနိုင်သည့် အာမခံချက်မျိုး မရှိသေးဟု ဆိုရပါမည်။

နိုင်ငံတကာအစိုးရများဘက်မှ ထည့်ဝင်လှူဒါန်းသော လူသားစာနာအကူအညီများကမူ အရေးပေါ်အကူအညီမှသည် နှစ်အလိုက် ကူညီပံ့ပိုးနိုင်သည့်အစီအစဉ်များ၊ လျာထားချက်များရှိပြီး အမှန်တကယ်အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုအတွက် အစဉ်တစိုက်ထောက်ပံ့ကူညီနိုင်သည့် အလားအလာမျိုးတွေ့ရပါသည်။ သို့သော် ဆိုခဲ့ပါနိုင်ငံတကာအစိုးရများထံမှ လူသားစာနာအကူအညီများအား စီမံခန့်ခွဲလျက်ရှိသော အာဆီယံအပါအဝင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအနေဖြင့် အာဏာသိမ်းစစ်အုပ်စုနှင့် နားလည်မှုစာချွန်လွှာရေးထိုးပြီး ပူးပေါင်းဆောင်ရွက်နေကြခြင်းကြောင့် အမှန်တကယ်အကူအညီလိုအပ်နေသော ပြည်သူလူထုထံ အရေးပေါ် အကူအညီများ ရောက်ရှိနိုင်ရေးအတွက် အကန့်အသတ်ရှိနေသည်ကို တွေ့ရပါသည်။

အဆိုပါအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်ကောင်စီတပ်များ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် အိုးအိမ်ပျက်စီးဆုံးရှုံးပြီး အသက်အန္တရာယ်အတွက် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသော အရပ်သားပြည်သူများထံအရေးပေါ်အကူအညီများ ရောက်ရှိနိုင်ရေးအတွက် စွမ်းဆောင်နိုင်ခြင်းမရှိသေးဟု ဆိုရပါမည်။ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်တွင် ဝင်ရောက်ခဲ့သော အင်အားပြင်းမိုခါဆိုက်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ပင် အာဏာသိမ်းစစ်အုပ်စု၏ ခွင့်ပြုချက်မရရှိသဖြင့် (ယခုစာတမ်းရေးသားနေသည့်) မေလ ၂၅ ရက်အထိ စောင့်ဆိုင်းနေရဆဲဖြစ်သည်ကို တွေ့ရှိရပါသည်။

ထို့ပြင် ၂၀၂၃ ခုနှစ် မေလ ၇ ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် ဆီဆိုင် - ဆိုက်ခေါင် လမ်းမပေါ်တွင် ဆီဆိုင်မြို့နယ်အခြေစိုက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဆက်ဆံရေးရုံးသို့ စစ်ဘေးဒုက္ခသည်ကူညီရေးအတွက် သွားရောက်သည့် ASEAN AHA-Center ၏ ယာဉ်တန်းပစ်ခတ်ခံရမှုဖြစ်စဉ်သည် အာဏာသိမ်းစစ်အုပ်စု၏ ဒေသတွင်းတည်ငြိမ်ရေးနှင့် စိုးမိုးထိန်းချုပ်နိုင်မှုအပေါ် ပြန်လည်ဆန်းစစ်သင့်သော သင်ခန်းစာတစ်ခုဖြစ်ပါသည်။[41] ယာဉ်တန်းတွင် စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံမှ သံအရာရှိများ၊ AHA Center မှ တာဝန်ရှိသူများ လိုက်ပါလာခြင်းဖြစ်ပြီး ပစ်ခတ်မှုအတွက် အာဏာသိမ်းစစ်ကောင်စီနှင့် စစ်ကောင်စီလက်အောက်ခံ ပအိုဝ်းအမျိုးသားအဖွဲ့(PNO/ PNA)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)တို့အကြား မည်သူ့

41 BNI – MPM , The Attack On Humanitarian Convoy, A Lesson To Be Taken.
- Issue 103 http://rb.gy/78gsd

လက်ချက်ဖြစ်သလဲဆိုသည်က အငြင်းပွားဖွယ် အပြန်အလှန် ပြစ်တင်စွပ်စွဲနေကြဆဲဖြစ်ပြီး လက်သည်မပေါ်ခဲ့ဟုဆိုရပါမည်။

UNOCHA ၏ ၂၀၂၂ ခုနှစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ရေးအစီအစဉ် (HRP) နှစ်ကုန်အစီရင်ခံစာအရ အမေရိကန်အစိုးရသည် အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၄ သန်းအထိ အများဆုံးထည့်ဝင်လှူဒါန်းထားပြီး ဥရောပကော်မရှင် လူသားချင်းစာနာထောက်မှုဆိုင်ရာ အကူအညီ(ECHO)၊ ယူကေ၊ ဂျပန်၊ ဂျာမဏီနှင့် ကုလသမဂ္ဂ အရေးပေါ်တုန့်ပြန်ရေး ရံပုံငွေအဖွဲ့ (CERH) တို့သည် အမေရိကန်ဒေါ်လာ ၂၀ သန်းအထက် ထည့်ဝင်လှူဒါန်းသည်ကို တွေ့ရပါသည်။ ထိုနောက်မှ သြစတြေးလျ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ကနေဒါနှင့် ဒိန်းမတ်နိုင်ငံတို့သည် အမေရိကန်ဒေါ်လာ ၅ သန်းနှင့်အထက် ထည့်ဝင်လှူဒါန်းထားကြပါသည်။ [42]

ဆိုရသော် မြန်မာပြည်သူအချင်းချင်း ထောက်ကူပံ့ပိုးခဲ့ကြသည့် "ပြည်သူမှ ပြည်သူ" အရေးပေါ်ကူညီနိုင်သည့် ပမာဏနှင့် နိုင်ငံတကာ အလှူရှင်အစိုးရများထံမှ ထောက်ပံ့မှုများကိုသာ မြန်မာနိုင်ငံအတွင်းရှိ အမှန်တကယ် အကူအညီလိုနေသော မြန်မာပြည်သူများထံ နည်းမှန်၊ လမ်းမှန်ဖြင့် ရောက်ရှိပါက မြန်မာနိုင်ငံအတွင်း လက်ရှိ ကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းမျိုး ကြုံတွေ့ရနိုင်ချေ လျော့ပါးသွားနိုင်သည်ဟု သုံးသပ်ရပါသည်။

လက်ရှိမြန်မာပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသည် အဓမ္မအာဏာလုယူထားသော အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ သက်ရောက်မှုများဖြစ်နေသလားဆိုသည်က အာဆီယံအပါအဝင် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အလှူရှင်အစိုးရများ ပြန်လည်ဖြေဆိုရမည့် မေးခွန်းတစ်ခုဖြစ်ပါသည်။ အာဏာသိမ်းစစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် စစ်ကောင်စီမှ ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရသည့်အပြင် စစ်ကောင်စီက ခွင့်ပြုသည့် နေရာဒေသများသို့သာ "လူသားစာနာကူညီမှု" ခေါင်းစဉ်တပ်ပြီး ထောက်ပံ့နေရခြင်းသည် အမှန်တကယ်အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုအတွက် နစ်နာမှု ရှိ၊ မရှိ ပြန်လည်ဆန်းစစ်ရမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၊ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး (UNSC) တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (၂၀၂၂) တွင် "မြန်မာပြည်သူလူထုအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အပြည့်အဝရရှိရန် ဘေးကင်းလုံခြုံပြီး အတားအစီးမဲ့ ဝင်ရောက်နိုင်ရေးအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ အကာအကွယ်များ၊ လုံခြုံရေးအစီအမံများ အပြည့်အဝရရှိစေရန်" အတွက် တိုက်တွန်းထားပါသည်။ UNSC အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံဖြစ်သော တရုတ်၊ ပြင်သစ်၊ ရုရှား၊ ယူကေ၊ အမေရိကန်တို့နှင့် အတူ အာဘန်နီးယား၊ ဘရာဇီး၊ ဂါဘွန်၊ ဂါနာ၊ အိန္ဒိယ၊ အိုင်ယာလန်၊ ကင်ညာ၊ မက္ကဆီကို၊ နော်ဝေနှင့် ယူအေအီး စုစုပေါင်း

---

42 Myanmar Humanitarian Response Plan 2022 End-Year Report, 11 Apr 2023 http://rb.gy/el0c7

(၁၅)နိုင်ငံတို့က ချမှတ်ခဲ့သည့် ယင်းမြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်(ဆုံးဖြတ်ချက်အမှတ် ၂၆၆၉) ကို နိုင်ငံတကာအလှူရှင်အစိုးရများအနေဖြင့် ကိုင်စွဲသင့်ပါသည်။

အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးရုံး (ASEAN AHA – Centre) အနေဖြင့်လည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာ အာဆီယံထိပ်သီးအစည်းအဝေးမှ ဆုံးဖြတ်ချက် (၁၅) ချက်ကို အမှန်တကယ်လက်တွေ့ကျစွာ ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပါဝင်သဘောတူထားသည့် ဘုံသဘောတူညီမှု အချက် (၅) ချက်ကို အကောင်အထည်မဖော်နိုင်သေးခြင်းသည် အာဏာသိမ်းစစ်အုပ်စုတွင်သာ တာဝန်ရှိသည်ဟု အာဆီယံခေါင်းဆောင်များက သုံးသပ်ထားသော်လည်း ASEAN AHA-Centre ၏ အုပ်ချုပ်ရေးအဖွဲ့(Governing Board)တွင် အာဏာသိမ်းစစ်ကောင်စီ လက်အောက်ခံကိုယ်စားလှယ် အား ထည့်သွင်းနေရာပေးထားခြင်းသည် မြန်မာပြည်သူလူထုအတွက် ရေးရှုထောက်ကူရန် ရည် ရွယ်ထားသည့် လူသားစာနာအကူအညီများ ပေးအပ်ရေးတွင် စစ်ကောင်စီ၏ ဝင်ရောက်စွက်ဖက် နိုင်ချေကို ရှောင်လွှဲနိုင်ဖွယ်မရှိဟု ဆိုရပါမည်။

"AHA Centre အနေနဲ့ လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ တိုက်တွန်း နေတာတွေတော့ရှိတယ်။ အဲဒါက အခုလက်ရှိ အာဆီယံဥက္ကဋ္ဌဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ ကြိုးစား အားထုတ်မှုအပေါ်မှာ မူတည်တယ်"ဟု ဒေါက်တာ ဝင်းမြတ်အေးက ဆိုပါသည်။

အာဆီယံအပါအဝင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအနေဖြင့် ချမှတ်ထားပြီး ဖြစ်သော ဆုံးဖြတ်ချက်များ၊ သဘောတူညီချက်များကို အသေအချာစွဲကိုင်ကာ အမှန်တကယ် အကူ အညီလိုနေသော မြန်မာပြည်သူလူထုထံ နိုင်ငံတကာလူသားစာနာအကူအညီများ ရောက်ရှိစေရေး အတွက် တာဝန်ခံနိုင်ရမည်ဖြစ်သည်။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမို ကရေစီပြည်ထောင်စု တည်ဆောက်ရေးသို့ ဦးတည်လျှောက်လှမ်းနေကြသော နွေဦးတော်လှန်ရေး အင်အားစုများဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (ERO) များ၊ လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်း (CSO/ CBO)များ၊ အထူး သဖြင့် မြန်မာပြည်သူလူထုအသံများကို စိတ်ရင်းစေတနာအမှန်ဖြင့် နားထောင်ရန် လိုအပ်ပါသည်။

"ဒီတော်လှန်ရေးက ပြည်သူ့တော်လှန်ရေးဖြစ်တဲ့အတွက် ပြည်သူ့ဆန္ဒကို အလေးထားပြီး ဆောင်ရွက်ပေးရင် ကောင်းမယ်လို့ပြောချင်ပါတယ်။ အကြောက်တရားနဲ့ပဲ ဆောင်ရွက်နေမယ် ဆိုရင်တော့ မရဘူး"ဟု လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာန(MOHADM) ပြည်ထောင်စုဝန် ကြီးက အကြံပြုပါသည်။

NUG နှင့် ERO များသည် ၎င်းတို့၏ သက်ဆိုင်ရာဒေသအလိုက် ထိန်းချုပ်နယ်မြေများအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်နိုင်ရေးအတွက် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုမှလွဲ၍ လုံခြုံရေးအပြည့်အဝတာဝန်ယူနိုင်ကြောင်း ထုတ်ပြန်ကြေညာထား ပြီး ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့်လည်း မြန်မာပြည်သူလူထုအတွက် လူသားချင်းစာနာထောက် ထားမှုအကူအညီများ အပြည့်အဝပေးနိုင်ရေးအတွက် လေယာဉ်မပျံသန်းရဇုန် (No Fly Zone) များ၊ လုံခြုံရေးအာမခံသော ဇရိယာ (Safe Zone) သတ်မှတ်ခြင်းနှင့် လူသားချင်းစာနာထောက်မှုဆိုင်ရာ

အပစ်အခတ်ရပ်စဲခြင်း (Humanitarian Ceasefire) ကြေညာခြင်းတို့ကို အလေးအနက်ထား ဆောင်ရွက်သင့်ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသည် နိုင်ငံတကာ အသိုင်းအဝိုင်းတစ်ခုလုံး၏ စိုးရိမ်အဆင့်ကို ရောက်ရှိနေပြီဖြစ်သည့်အတွက် သက်ဆိုင်ရာနိုင်ငံများ ပေါင်းစည်းကာ အားလုံးပါဝင်သည့် လူသားချင်းစာနာကူညီမှုဖိုရမ်(Inclusive Humanitarian Forum – IHF)ကို အမြန်ဆုံး အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း သုံးသပ်မိပါသည်။ စိတ်ရင်း စေတနာ အမှန်၊ ငဲ့ညာထောက်ထားမှုအမှန်ဖြင့် ထည့်ဝင်လှူဒါန်းထားကြသည့် လူသားချင်း စာနာမှု အကူအညီများ၏ ထိရောက်မှုကို ပြန်လည်ဆန်းစစ်ကာ ထိရောက်နိုင်မည့် နည်းလမ်းများအား အစောတလျင် ရှာဖွေရပါလိမ့်မည်။

ယခုစာတမ်းပါ တွေ့ရှိချက်တစ်ခုဖြစ်သည့် နယ်စပ်ဖြတ်ကျော်အကူအညီပေးမှု(Cross Border Assistance)၏ အရေးပါမှုနှင့် ထိရောက်နိုင်မှုအလားအလာကို လက်ရှိသွားနေသည့် စစ်ကောင်စီ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ ကောင်းကျိုးဆိုးပြစ်များကို ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ကာ အမှန်တကယ်အကူအညီလိုအပ်နေသော သန်းနှင့်ချီသည့် မြန်မာပြည်သူလူထုအတွက် နိုင်ငံတကာ လူသားစာနာအကူအညီများ ရောက်ရှိစေရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြ အပ်ပါသည်။

## အတိုကောက်စကားလုံးများ

- ERO - တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊
- PDF-LDF - မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ
- UNOCHA - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှုရုံး
- NUG - အမျိုးသားညီညွတ်ရေးအစိုးရ
- MOHADM - လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန
- KSCC - ကရင်နီပြည်အတိုင်ပင်ခံကောင်စီ
- KNPP - ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
- KNU - ကရင်အမျိုးသားအစည်းအရုံး
- CNF - ချင်းအမျိုးသားတပ်ဦး
- CSO-CBO - ဒေသအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ
- CDM - အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု
- NGO - အစိုးရမဟုတ်သော အသင်းအဖွဲ့
- INGO - နိုင်ငံတကာ အစိုးရမဟုတ်သော အသင်းအဖွဲ့
- UNHCR - ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီ
- UNICEF - အပြည်ပြည်ဆိုင်ရာကလေးများ ရံပုံငွေအဖွဲ့
- IOM - ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း
- ICRC - နိုင်ငံတကာကြက်ခြေနီ ကော်မတီ
- WFP - ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်
- AHA Centre - လူသားချင်းစာနာထောက်ထားရေးအကူအညီဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ
- KWO - ကရင်အမျိုးသမီးအစည်းအရုံး
- IDP - စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသည့် ပြည်သူများ
- HRP - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ရေးအစီအစဉ်
- CTER - KNPP မှ ဖွဲ့စည်းထားသော အရေးပေါ်ကယ်ဆယ်ရေး ဆက်စပ်ဆောင်ရွက်မှုအဖွဲ့
- NUCC - အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ
- ICNCC - ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ
- CRPH - ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ
- IHF - အားလုံးပါဝင်သည့် လူသားချင်းစာနာကူညီမှုဖိုရမ်
- NCA - တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်
- PNO/PNA - စစ်ကောင်စီလက်အောက်ခံ ပအိုဝ်းအမျိုးသားအဖွဲ့
- PNLO - ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်

## အကိုးအကား


1. လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန (MOHADM) ပြည်ထောင်စုဝန်ကြီးနှင့် အမေးအဖြေ (BNI-MPM)
2. ကရင်အမျိုးသမီးအဖွဲ့(KWO) တွဲဖက်အတွင်းရေးမှူး (၂) နော်စေးစေးဟဲနှင့် အမေးအဖြေ (BNI-MPM)
3. KNPP အရေးပေါ်ကယ်ဆယ်ရေး ဆက်စပ်ဆောင်ရွက်မှုအဖွဲ့ (CTER) ညှိနှိုင်းရေးမှူးနဲနယ်ပလိုနှင့် အမေးအဖြေ (BNI-MPM)
4. KSCC ၏ လူသားချင်းစာနာထောက်ထားမှုကော်မတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဗညားခွန်အောင်နှင့် အမေးအဖြေ (BNI-MPM)
5. ချင်းပြည်နယ် လူသားချင်းစာနာထောက်ထားရေးနှင့် ကယ်ဆယ်ကော်မတီဥက္ကဋ္ဌဒေါက်တာငိုင်းတမ်မောင်းနှင့် အမေးအဖြေ၊ BNI-MPM
6. မီဇိုရမ်ပြည်နယ် NGO United Democratic and Burma ဥက္ကဋ္ဌ ဦးရော်မာနှင့် အမေးအဖြေ (BNI-MPM)
7. သေ့ဘောဘိုးကျေးရွာ ဥက္ကဋ္ဌ စောလားဒို့နှင့် အမေးအဖြေ၊ BNI-MPM
8. မဲကနယ်ကျေးရွာမှ စစ်ဘေးရှောင်ပြည်သူ နော်မေရီးယားနှင့် အမေးအဖြေ၊ BNI-MPM
9. ထီးမယ်ဝါးခီးရွာမှ ဦးမြင့်စိန်၊ ဒေါ်တင်အေးတို့ ဇနီးမောင်နှံနှင့် အမေးအဖြေ၊ BNI-MPM
10. ရသေ့ဂူရွာမှ စစ်ဘေးရှောင် ဖော့မူဆားနှင့် အမေးအဖြေ၊ BNI-MPM
11. ပြည်တွင်းရွှေ့ဆောင်အရေးပေါ်ကော်မတီမှ အမျိုးသမီးတစ်ဦးနှင့် အမေးအဖြေ၊ BNI-MPM
12. BNI-MPM, Myanmar Armed Conflict Dashboard. 9 May 2023 http://rb.gy/b4l79
13. BNI-MPM, Military Regime’s Airstrikes in Myanmar, ၉ မေ ၂၀၂၃ http://rb.gy/2ylau
14. BNI-MPM, Internally Displaced Persons Situation in Myanmar, 16 May 2023 http://rb.gy/s9yvm
15. BNI-MPM, People Défense Force Dashboard, 16 May 2023, http://rb.gy/rti75
16. The Attack On Humanitarian Convoy, A Lesson To Be Taken. - Issue 103 http://rb.gy/78gsd
17. May Pazigyi Be Blessed With Merits Shared By The Whole Country. – Issue 100 http://rb.gy/rnldd
18. The Day of Tragedy in Let Yet Kone Village – Issue 72 http://rb.gy/n76tj
19. Sagaing (OR) The Region Where IDPs Have Not Received UN’s Aid – Issue 73 http://rb.gy/p8b9p
20. Military Regime’s Airstrikes in Myanmar, 16 May 2023, http://rb.gy/58jmv
21. Myanmar Humanitarian Update No. 29 | 6 May 2023 http://rb.gy/03g7d
22. Myanmar’s neglected crisis demands a different response http://rb.gy/8jbeb
23. Data for Myanmar ၊ ၂၈ ဖေဖော်ဝါရီ ၂၀၂၃ http://rb.gy/bu5f2
24. Myanmar Humanitarian Response Plan 2022 End-Year Report, 11 Apr 2023 http://rb.gy/el0c7
25. Myanmar Humanitarian Response Plan 2023, 25 January 2023 http://rb.gy/3hnb6
26. Noeleen Heyzer (Special Envoy) on the situation in Myanmar - Security Council Media Stakeout, 16 March 2023 http://rb.gy/m3vcc
27. “မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများကြောင့် ရှင်သန်မှုပျောက်ဆုံးသွားသော ဘဝများ” အစီရင်ခံစာ၊ (စာမျက်နှာ ၈၄-၈၅)၊ ၂၇ ရက် မတ် ၂၀၂၃
28. Move Forward Party ခေါင်းဆောင် ဗီထာလင်ဂျာရွှန်ရတ် (Pita Limjaroenrat)၏ မေလ ၁၅ ရက် သတင်းစာရှင်းလင်းပွဲ http://rb.gy/4fc8x

“Cross-Border assistance က အိမ်နီးချင်းနိုင်ငံတွေရဲ့ပါဝင်မှုကတော့ အရေးကြီးဆုံးပဲ”

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး

BURMA NEWS INTERNATIONAL